# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၄၅)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၁၀–၈–၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

**ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး**

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှုအန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

## ရေဘေးဒဏ်သင့်ပြည်သူများ၏ အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များစုပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးရှောင်နေရာများသို့ ပို့ဆောင်နေရာချထားပေးလျက်ရှိသည်။

**ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများနှင့် တာတမံနိမ့်ကျမှုကြောင့် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနုတ်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် အဖွဲ့ဝင်များလိုက်ပါ၍ အဆိုပါ ဝေန်မြစ်ရေကာတာ တမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေဘေးသင့်ခဲ့ရသည့်ဒေသများရှိ ကျေးရွာများ၊ လူနေအဆောက်အအုံများအတွင်း ရေဝင်ရောက်နေမှုနှင့် ယာယီရေဘေးရှောင်နေရာများသို့ ပြောင်းရွှေ့ပေးထားမှု၊ စိုက်ပျိုးမြေများတွင် ရေဝင်ရောက်သဖြင့် ထိခိုက်ပျက်စီးနေမှုတို့ကို ပုသိမ်မြစ်ကြောင်းအတိုင်း ဟင်္သာတမြို့အထိ ရဟတ်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်ရေဘေးသင့်ပြည်သူများ၏ လတ်တလော စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးကို အလေးထားဆောင်ရွက်သွားရန်၊ အလားတူ သဘာဝဘေးအန္တရာယ်များ

စာမျက်နှာ ၃ သို့ *



**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၉

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ချင်းတွင်း၊ သံလွင်၊ စစ်တောင်းနှင့် ဒုဋ္ဌဝတီ မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၉

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပြီး မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေရာ နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူအားအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

မိုး/ဧလ

၂၀၂၆ ခုနှစ် ၊ ဩဂုတ် ၁၀ ရက် ၊ တနင်္လာနေ့။

မန္တလေး

## ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ငဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး အစည်းအဝေးကို ဩဂုတ် ၈ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလအတွင်းက ငဝန်ရေကာတာနိမ့်ကျ၍ ရေကျော်စီးဝင်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ လူသားတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍မရနိုင်သော်လည်း လူတို့၏ လုပ်ဆောင်ချက်များဖြင့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ် မလွဲမသွေရင်ဆိုင်ကြုံတွေ့လာရပါကလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မည်ကဲ့သို့အဆင့်အလိုက် ဆောင်ရွက်ရမည်ကိုလည်း သိရှိနားလည်ကြရန်လိုကြောင်း၊ မိမိယခုလာရောက်ခဲ့ခြင်းသည်လည်း ယခုကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ကျော်လွှားနိုင်ရေး မည်သို့ဆောင်ရွက်ရမည်ကိုသိရှိလို၍ လာရောက်ကြည့်ရှုစစ်ဆေးခြင်းပင်ဖြစ်ကြောင်း၊ မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များအား စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့်ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည်ဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီး ကာကွယ်လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျစဉ်ဆက်မပြတ် လေ့လာဆန်းစစ်သုံးသပ်စောင့်ကြည့် ဆောင်ရွက်နေကြရန်လိုကြောင်း ပြောကြားသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေနစ်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှ စီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်းစီးဆင်းသွားနိုင်ရေး စနစ်တကျ သုတေသနပြုဆောင်ရွက်သွားနိုင်ရန်လိုအပ်မည်ဖြစ်သည်။

မြစ်ချောင်းများ၏ မြစ်ကြမ်းခင်း Bed Level များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေနစ်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်သည်။ ရေနစ်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရေနစ်တားတာများတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များဆောက်လုပ်ခြင်းဖြင့်လည်း ရေနစ်ဝင်ရောက်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ငွေကြေးကုန်ကျမှုများပြားနိုင်သော်လည်း ရေရှည်တွင်ပြန်လည်ရရှိမည့်အကျိုးကျေးဇူးများကိုကြည့်၍ စနစ်တကျတွက်ချက်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် မိမိတို့ဒေသအလိုက် ပထဝီဝင်အနေအထားအရပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာအသုံးချနိုင်ရေးတို့နှင့်ပတ်သက်၍ သာမာန်အားဖြင့် စဉ်းစားဆောင်ရွက်၍မရဘဲ အမြင်ကျယ်ကျယ်နှင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၉**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မြတောင်ကျောင်းတိုက်၊ ရာပြည့်ဇိမ္မာန်အတွင်း ၂၀၂၆ ခုနှစ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မနှင့်ဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့၊ မြို့နယ်သာသနာရေးမှူး ဦးမျိုးသူရ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်းနှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင်မြင်သူ(၁၃၁)ဦး စုစုပေါင်းအင်အား (၁၈၀)ဦးခန့်တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပရေးဥက္ကဋ္ဌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မြတောင်တိုက်၊ ပဒေသာရွှေကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်သံဃာတော်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ အောင်လက်မှတ်နှင့် စာအောင်ဆု ချီးမြှင့်ခြင်း၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြတောင်တိုက်၊ ခေမာဝင်းကျောင်းဆရာတော်ထံမှ နိဂုံးချုပ် ဩဝါဒကထာနာယူခြင်းများ ပြုလုပ်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုတ်သိမ်းခဲ့ကြောင်း သိရသည်။

**(အောင်ဇော်မင်း)**

၀-၀-၀-၀-၀

၀-၀-၀

## ဘာသာရပ်ပေါင်းစုံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲနှင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ကျောက်ဆည် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၏ မိုးရာသီဘာသာရပ်ပေါင်းစုံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲနှင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဖူဆယ်ပြိုင်ပွဲများတွင် ပထမဆု ရရှိသွားသည့် အမျိုးသား၊ အမျိုးသမီး IT မေဂျာအသင်းအား အစိုးရစက်မှု လက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူက ဆုဒိုင်းနှင့် ငွေသားဆုများချီးမြှင့်ခဲ့ပြီး အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဖူဆယ်ပြိုင်ပွဲများတွင် ဒုတိယဆု ရရှိသွားသည့် အမျိုးသား၊ အမျိုးသမီး EP မေဂျာအသင်းအား ဒုတိယညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ)ဒေါ်မျိုးမျိုးလွင်က ငွေသားဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ငှက်ပျောပင် (ဖီးကြမ်း)စိုက်ပျိုးပွဲ ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကလေးငယ်များ အာဟာရပြည့်ဝစေရေး ငှက်ပျောပင်စိုက်ပျိုးပေး စီမံချက်ဖြင့် ငှက်ပျောပင်(ဖီးကြမ်း)စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းဝင်းတွင် ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ငှက်ပျောပင်များကို သစ်ပင်စိုက်ပျိုးမည့်သူများ ထံသို့ပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ငှက်ပျောပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ငှက်ပျောပင်စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း၊ ကလေးငယ်များ အာဟာရပြည့်ဝစေရေးအတွက် မြို့နယ်အတွင်း ငှက်ပျောပင် စိုက်ပျိုးရန်မြေနေရာရှိသည့် အခြေခံပညာကျောင်းများတွင်လည်း ဆက်လက်စိုက်ပျိုးသွား မည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီထံမှ သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ၂၀၂၆ ခုနှစ် ယဉ်ဝေလွင်(ပြည်)စာပေဆုရှင်အား ဂုဏ်ပြုအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်စာရေးဆရာအသင်းဝင် ခင်မောင်သန်း (ဒဿနပညာ) သမိုင်းသုတေသီအား ၂၀၂၆ ခုနှစ် ယဉ်ဝေလွင်(ပြည်)စာပေဆုရှင် ဂုဏ်ပြုအခမ်းအနား ကျင်းပခြင်းကို ယနေ့ နံနက် ၉နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ပံသုကျီခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာရေးဆရာအသင်း နာယကမာဃိန္ဒ(ပုသိမ်ကြီး)က အမှာစကားပြောကြားပြီး၊ ရဟန်းစာဆို တက္ကသိုလ်တေဇာလင်း၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌနိုင်စေရ(မန်းတက္ကသိုလ်)တို့က မုဒိတာစကားပြောကြားပြီး၊ ဒုတိယ ဥက္ကဋ္ဌက ဆရာခင်မောင်သန်း (ဒဿနပညာ)၏ ကိုယ်ရေးအကျဉ်းအား ဖတ်ကြားပေးသည်။ တက်ရောက်လာသည့် မန္တလေးမြို့မှ စာရေးဆရာများက ဝမ်းမြောက်စကား အသီးသီး ပြောကြားကြသည်။

ဆက်လက်၍ စာပေဆုရှင် ဆရာကြီးခင်မောင်သန်း (ဒဿနပညာ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး၊ တက်ရောက်လာသည့် စာရေးဆရာများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ၊ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**(ရွှေရန်ကင်း)**

**အောက်ပုံ**

၀-၀-၀-၀-၀



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

* ရှေ့ဖုံးမှ

ထပ်မံကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝေနိမြစ်ရေကာတာ တာမိုင်(၂၅/၃)တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိပြီး တမံရေတိုက်စားမှု ကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်းပိတ်ဆို့နိုင်ရေးအတွက် ရေတိုက်စားမှုလျော့ကျစေရန် ကမ်းပြိုကာကွယ်ရေးသုံး ပိတ်စအိတ် Geo Bag များချခြင်း၊ Geo Bag ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင် လျှောစောက်အား Geo Textile အစများ၊ Geo Bag များဖြင့်ကာကွယ်ခြင်း၊ ရေနက်ရေစီးလမ်းကြောင်းအား ဆက်လက်ပိတ်ဆို့နိုင်ရေးအတွက် သဲအပြည့်ဖြည့်ထားသော Geo Bag အိတ်ကြီးများနှင့် သဲအိတ်များကို နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုး၍ ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့် ချခြင်း၊ ရေစီးလမ်းကြောင်းတားဆီးနိုင်ရေး Steel Sheet Pile ရိုက်ခြင်း စသည့်လုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းဆောင်ရွက်မှုများ အမြန်ဆုံးပြီးစီးမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဟသ်ာတမြို့သို့ရောက်ရှိပြီး ဟသ်ာတမြို့နယ် လဟာပကျေးရွာသို့ မော်တော်ယာဉ်များဖြင့်သွားရောက်၍ လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှစ်သိမ့် အားပေးစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်သမ္မတအား ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ဝင်းက ရေဘေးရှောင်ပြည်သူများနှင့် ပတ်သက်သည့်အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ရေဘေးရှောင်ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားရာတွင် မိမိအနေဖြင့် ယမန်နေ့ကတည်းကပင် လာရောက်တွေ့ဆုံနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် လာရောက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အား ရဟတ်ယာဉ်များဖြင့်သာ လိုက်လံကြည့်ရှုခဲ့ရကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများ၏ အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား ဆောင်ရွက်သည့် တိုင်းဒေသကြီးဖြစ်ပြီး စီးပွားရေးကောင်းမွန်သည့် အစဉ်အလာကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ဒေသတွင်းရှိ အခြေခံကောင်းများအား အကျိုးရှိရှိအသုံးချ၍ ကျော်လွှားနိုင်ရန်လိုကြောင်း။

သစ်ပင်စိုက်ပျိုးမှုများ အားနည်းလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် လမုပင်၊ မန်ဂျန်ရှားပင်၊ အုန်းပင်တို့ အပါအဝင် သစ်ပင်များကို တစ်အုပ်တစ်မ စနစ်တကျ စိုက်ပျိုးခြင်းအားဖြင့် ရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုဒဏ်တို့ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ပေါက်များ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုပြီး ဧရာဝတီမြစ်၊ ဝေနိမြစ်များနှင့် အခြားမြစ်ချောင်းများ ရေစီးဆင်းမှုများကောင်းမွန်စေရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ရှောင်ရှား၍ ရနိုင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်အတူ စေတနာရှင်အလှူရှင်များကလည်း စဉ်ဆက်မပြတ် လာရောက်လှူဒါန်းမှုများကို အားတက်ဖွယ်တွေ့ရှိရပြီး ယမန်နေ့က ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ ရေဘေးကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများအတွက် မိမိအနေဖြင့် ထပ်တူစိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊

စာမျက်နှာ ၄ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှစ်သိမ့်အားပေးစကား ပြောကြားစဉ်။

“ ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်စီကြိုးစားအားထုတ်ကြမည်ဆိုပါက နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာနိုင်မည်၊ ကျောင်းပညာရေးနှင့်ပတ်သက်၍လည်း အတန်းအလိုက်၊ အဆင့်အလိုက် ကျောင်းတက်ရောက်မှုအပေါ်တွင် မူတည်၍ သင်ယူရသည့်စာပေပညာများ၊ နာယူရသည့် အသိပညာဗဟုသုတများ ကွာခြားသွားမည်ဖြစ်သဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူသွားကြရန် တိုက်တွန်းအားပေးလို၊ ကျောင်းတက်ရောက်ခြင်းဖြင့် သင်ကြားခဲ့ရသည့် အတန်းပညာရပ်များအလိုက် စည်းကမ်းရှိသည့် လူငယ်များ၊ အသိပညာအတတ်ပညာများ ပြည့်စုံကျွမ်းကျင်သည့် စွမ်းရည်နှင့်စွမ်းအားရှိသည့်လူငယ်များ ဖြစ်လာမည် ”





ဝေနိမြစ် ရေကာတာ တာတမံနိမ့်ကျမှုကြောင့် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ရေဘေးကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကျောင်းပြန်လည်တက်ရောက်စေရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းပညာသင်ကြားခြင်းမှတစ်ဆင့် ပညာတတ်မြောက်မှုသာမက စည်းကမ်းရှိမှု၊ စိတ်ဓာတ်ကောင်းမွန်မှုနှင့် ကြိုးစားအားထုတ်လိုစိတ်တို့ကိုပါ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်စီကြိုးစားအားထုတ်ကြမည် ဆိုပါက နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာနိုင်မည်ကို မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ကျောင်းပညာရေးနှင့်ပတ်သက်၍လည်း အတန်းအလိုက်၊ အဆင့်အလိုက် ကျောင်းတက်ရောက်မှုအပေါ်တွင်မူတည်၍ သင်ယူရသည့် စာပေပညာများ၊ နာယူရသည့် အသိပညာဗဟုသုတများ ကွာခြားသွားမည်ဖြစ်သဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူသွားကြရန် တိုက်တွန်းအားပေးလိုပါကြောင်း၊ ကျောင်းတက်ရောက်ခြင်းဖြင့် သင်ကြားခဲ့ရသည့် အတန်းပညာရပ်များအလိုက် စည်းကမ်းရှိသည့်လူငယ်များ၊ အသိပညာအတတ်ပညာများ ပြည့်စုံကျွမ်းကျင်သည့် စွမ်းရည်နှင့် စွမ်းအားရှိသည့်လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအနက် ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၉ ဒသမ ၁၄ သန်းကို ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုန်းတော်ကြီးကျောင်းအတွင်း ဟသ်ာတခရိုင်ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟသ်ာတမြို့ ရွှေ့လျားဆေးကုသရေးအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှကူညီ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများ အနေဖြင့်လည်း မူလ အခြေအနေသို့ ပြန်လည် ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက် ...**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးသင့်ပြည်သူများအနက် ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ချောက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ချောက်မြို့နယ်၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ချောက်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က သဘာဝဘေးမဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ထားရန်နှင့် သဘာဝဘေးဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်ရန် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ချောက်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိုးလွင်၊ ရေနံချောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးတို့က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဖြစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အသိပညာပေးခြင်းများ၊ ဓာတ်တိုက်လေ့ကျင့်ခြင်းများ၊ သောက်ရေသန့်နှင့် စားနပ်ရိက္ခာအသင့် ပြင်ဆင်ပြီးစီးမှု၊ ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန် စီစဉ်ထားရှိမှု၊ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် အသင့်စုဖွဲ့ထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ခရိုင်၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တာဝန်ရှိသူကော်မတီဝင်များက ဆွေးနွေးတင်ပြခဲ့ရာ ချောက်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ (ဓပုံ)

**ကျော်မိုး(ပြန်/ဆက်)**

၀-၀-၀-၀-၀

**အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့ အမှိုက်လျှော့ချ ကြပါစို့။**

## အကြိမ်(၅၀)မြောက် ၁၅ ရက် အထူးတရား စခန်းပွဲကျင်းပမည်

**စဉ့်ကိုင် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာရိပ်သာတွင် အကြိမ်(၅၀)မြောက် ၁၅ရက် အထူးတရားစခန်းပွဲကို ဩဂုတ်လ ၁၄ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ၁၅ရက် အထူးတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း အရိယဝံသ မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာကြီး၌ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တမာနိတက သစ္စာတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပြီး တရားစခန်းဝင် ယောဂီများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ သံဃာတော်များနှင့် သီလရှင်များက သာသနာဝင်ကတ် ယူဆောင်လာကြပါရန်၊ စိန်ရွှေရတနာနှင့် တယ်လီဖုန်းများ ယူဆောင်လာခြင်းမပြုကြပါရန်၊ ဖျာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် ဆေးဝါးအသုံးအဆောင်ပစ္စည်းများ ယူဆောင်၍ ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီထက်နောက်မကျဘဲ အရောက်လာကြပါရန် တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(၀၅၃)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ရှိ တက္ကသိုလ်ရှင်းလင်းဆောင်ခန်းမ၌ လမ်းညွှန်မှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၊ မအူပင်မြို့နှင့် ပုသိမ်မြို့တို့ရှိ တက္ကသိုလ်များနှင့် ခရိုင်အားကစားကွင်း အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နှင့် မအူပင်မြို့တို့ရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဟသ်ာတခရိုင်**

**အေးမြသာယာ ပြည်သူ့အားကစားကွင်း**

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟသ်ာတမြို့ရှိ ဟသ်ာတခရိုင် အေးမြသာယာ ပြည်သူ့အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဟသ်ာတခရိုင်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးများအား အောက်ခြေရှင်း အလင်းဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)**

ထို့နောက် နိုင်ငံတော်သမ္မတသည် မအူပင်မြို့သို့ ရောက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုကြသည်။

ဆက်လက်၍ တက္ကသိုလ်ရှင်းလင်းဆောင်ခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ နေမျိုးအောင်တို့က တက္ကသိုလ်ဆိုင်ရာသမိုင်းအကျဉ်း၊ မည့်အစီအမံများ၊ တက္ကသိုလ်၏ အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များ၊ စိုက်ပျိုးရေးဘာသာရပ် လက်တွေ့စိုက်ကွင်းများနှင့် သုတေသနဆောင်ရွက်မှုများ၊ မွေးမြူရေးဘာသာရပ် သရုပ်ပြမွေးမြူရေးခြံများနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်မှုများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်၍ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်က မအူပင်မြို့သို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အတွက်များများ သင်ကြားပေးခြင်းထက် အရည်အသွေးပြည့်ဝသည့် သင်တန်းဆင်းများ ပေါ်ထွက်ရေးကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တက္ကသိုလ်အတွင်း အခြေခံအဆောက်အအုံလိုအပ်ချက်များနှင့်ပတ်သက်၍ နှစ်အလိုက် စနစ်တကျလျာထား၍ တည်ဆောက်ရေးလုပ်ငန်းများကို နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို အောက်မြန်မာပြည်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်

**❖ ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဘာသာရပ်များကို မအူပင်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးအဖြစ် သင်ကြားပေးသွားရန်လို၊ သစ်ပင်များ ခုတ်ထွင်ခြင်းကြောင့် လေမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပိုမိုခံရနိုင်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးသွားကြရန်လိုပြီး လေကာပင်များဖြစ်သည့် အုန်းပင်များ၊ လမုတောပင်များနှင့် မန်ဂျရုပ်ပင်များအပါအဝင် အခြားသစ်ပင်များကို စိုက်ပျိုးဆောင်ရွက် . . .**

သမားများ အဆင့်မီမီကစားနိုင်ရေး၊ ပွဲကြည့်ပရိသတ်များအဆင့်မီမီ ကြည့်ရှုနိုင်ရေးအတွက် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး စနစ်တကျတွက်ချက်တင်ပြဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ဟသ်ာတတက္ကသိုလ်**

ယင်းနောက် ဟသ်ာတတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ပင်မစာသင်ဆောင်သို့ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တက္ကသိုလ်၏ ဥပမိရပ်ကောင်းမွန်စေရေးနှင့် ကျောင်းပရဝဏ် သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာသင်နှစ်အလိုက် ကျောင်းသားလက်ခံနိုင်မည့် အင်အားလျာထားချက်၊ လက်ရှိတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မွေးမြူရေးသိပ္ပံဘွဲ့တို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး နောင်တွင် ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များအထိ သင်ကြားချီးမြှင့်ပေးသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ တက္ကသိုလ်သို့ ရောက်ရှိစဉ်လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ သင်ကြားရေးဆိုင်ရာနှင့် ပတ်သက်၍ တက္ကသိုလ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်ဆိုင်ရာများ၊ တက္ကသိုလ်၏ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ပညာသင်နှစ်အလိုက်ကျောင်းတက်ရောက်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ ကျောင်းသားများတက်ရောက်မှု၊ သုတေသနနယ်ပယ်အလိုက် ဆောင်ရွက်သွား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟသ်ာတတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများနှင့် ပတ်သက်၍ မဟာဘွဲ့သင်တန်းများ သင်ကြားပေးနိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သဖြင့် အရည်အချင်းနှင့် ထူးချွန်ထက်မြက်သည့် သင်တန်းဆင်းပညာရှင်များ ထွက်ပေါ်လာစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ ထွက်ပေါ်လာစေရေး စနစ်တကျသင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရေ

ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အောက်မြန်မာပြည်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းသည့်သီးနှံများနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျဆောင်ရွက်သွားကြရန်လိုပြီး မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးဆောင်ရွက်ပေးရမည်၊ မြေကိုစနစ်တကျပြုပြင်ပေးရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများရရှိစေရေး ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို မည်ကဲ့သို့အကျိုးရှိအောင်

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် အေးမြသာယာပြည်သူ့အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၅ မှ

**❐ နှောင်အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်၊ အလားတူ စိုက်ပျိုးရေးသိပ္ပံများကိုလည်း ကောလိပ်အဆင့်သို့ ဖွင့်လှစ်သင်ကြားပေးသွားမည်၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိက ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်**

ရယူအသုံးချရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည်ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်းများနှင့် ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး စနစ်တကျဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ရေပေးဝေခြင်းစနစ်များကို ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျသင်ကြားပေးရန်လိုပြီး တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျသည့် စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြက်၊ ဘဲ၊ ဝက်၊ နွားနှင့် ငါးတို့ကို အဓိကမွေးမြူကြသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိအောင် အကျိုးပြုနိုင်သည့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးသွားရန်လိုကြောင်း၊ ငါးမွေးမြူရာတွင် ရေငန်နှင့် ရေချိုဟူ၍ နှစ်မျိုးရှိပြီး အခြားတိုင်းဒေသကြီးများတွင် ရေငန်နှင့် ရေချိုငါးများကို မည်ကဲ့သို့မွေးမြူမည်ကို သင်ကြားပေးရန်လိုကြောင်း၊ ဒေသန္တရကြက်အပါအဝင် အသားစားကြက်နှင့် ဥစားကြက်များ နည်းစနစ်တကျမွေးမြူသည့် ပညာရပ်များကို သင်ကြားပေးရန်လိုသကဲ့သို့ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း၊ စာတွေ့နှင့် လက်တွေ့များကို အဓိကသင်ကြားပေးရန်လိုကြောင်း၊ နှောင်အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံများကိုလည်း ကောလိပ်အဆင့်သို့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးဘာသာရပ်သင်ကြားသည့် ကျောင်းသား ကျောင်းသူများ များပြားလာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

တက္ကသိုလ်အတွက် မဖြစ်မနေလိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားရေးဆရာ၊ဆရာမများအတွက် အဆောက်အအုံများကို စနစ်တကျ တည်ဆောက်သွားကြရန်လိုကြောင်း၊ ကျောင်းအတွက်လိုအပ်သည့် စာသင်ဆောင်များ၊ စာကြည့်တိုက်များနှင့် ခေတ်ခွဲခန်းများကို မဖြစ်မနေတည်ဆောက်သွားရန်လိုကြောင်း၊ တက္ကသိုလ်၏ အငွေ့အသက်ဖြင့် တက္ကသိုလ်ပညာကိုသင်ကြားနိုင်ရေးဆောင်ရွက်ပေးကြရန်လိုပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးမြောက်၍ တက္ကသိုလ်ပညာ လာရောက်သင်ကြားကြသူများသည် လူလားမြောက်သည့် အရွယ်များ၊ အသက်အရွယ်တူညီကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ စာသင်ဆောင်များစနစ်တကျရှိရန်၊ အိပ်ဆောင်များစနစ်တကျရှိရန်နှင့် စားသောက်ရန်နေရာများ စနစ်တကျရှိရန် တာဝန်ရှိသူများက စေတနာထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ကြားပြီးဆုံးချိန်တွင် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ဝင်ရောက်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များမှ ဘွဲ့ရရှိသူများကို တင်စားပြောရမည်ဆိုပါက မန်နေဂျာများ မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိကြသူများအား ဦးစီးအရာရှိနှင့် ဦးစီးမှူးရာထူးများကို တာဝန်ပေးအပ်ကြခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများတွင် မန်နေဂျာများသည် လုပ်ငန်းများ၏ အဓိကနေရာများတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ယူဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်ပညာသင်ကြားချိန်တွင် အခြေခံကောင်းများ ရရှိစေရေး သင်ကြားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများသည်လည်း ကောင်းမွန်သည့်အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့ရသူများဖြစ်ပါက ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ကောင်းမွန်သည့် အသိုင်းအဝိုင်းကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး တော်သည့်၊ ကောင်းသည့် လူငယ်များဖြစ်အောင် သင်ကြားပြသပေးကြရန်လိုကြောင်း၊ တက္ကသိုလ်မှ ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဆိုပါက ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာရပ်ကို သင်ကြားကြသည်ဖြစ်စေ ဘာသာရပ်အလိုက် တော်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူတိုင်းအဆင့်တစ် မဖြစ်နိုင်သော်လည်း တော်သည့် တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်တွင် ကျောင်းသားနှင့် ဆရာအချိုးမှာ ကိုက်ညီမှုရှိသဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်ရှည်ပင်အတွက် ရော်ဘာနှင့် သရက်ကို အဓိကထား ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုတက္ကသိုလ်မှ မဟာတန်းဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မအူပင်ခရိုင်နှင့်ပတ်သက်၍ မအူပင်ခရိုင်အတွက် လိုအပ်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ ခရိုင်အတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် စပါး၊ ပဲ၊ ပဲပုပ်နှင့် နေကြာစိုက်ပျိုးခြင်းများကို အထွက်နှုန်းပိုမိုကောင်းမွန်ပြီး အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတက္ကသိုလ်နှင့်ပူးပေါင်း၍ စိုက်ပျိုးမြေများ စနစ်တကျရှိစေရေး အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျ ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရေကြီးကွင်းနှင့် ရေနက်ကွင်းများကို စနစ်တကျကွင်းဆင်းသုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းနေရာများတွင် ငါးကန်များနှင့် လယ်ယာမြေများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ငါး ပုစွန်မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဘာသာရပ်များကို မအူပင်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးအဖြစ် သင်ကြားပေးသွားရန်လိုကြောင်း၊ သစ်ပင်များ ခုတ်ထွင်ခြင်းကြောင့် လေမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပိုမိုခံရနိုင်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ လေကာပင်များဖြစ်သည့် အုန်းပင်များ၊ လမုတောပင်များနှင့် မန်ဂျန်ရှားပင်များအပါအဝင် အခြားသစ်ပင်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်များရှိမှသာ လေမုန်တိုင်းဒဏ်များကို ခံနိုင်မည်ဖြစ်ကြောင်း၊ လူ၏ကြိုတင်ပြင်ဆင်မှုဖြင့် သဘာဝဘေးဒဏ်ကို ထိုက်သင့်သလောက်ကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် လေကာသစ်ပင်များကို အတန်းလိုက် မဖြစ်မနေစိုက်ပျိုးသွားကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် ရေစီးဆင်းမှုများ ကောင်းမွန်စေရေး မြစ်ချောင်းများအတွင်း ဖြစ်ပေါ်လျက်ရှိသည့် သဲသောင်များအား ရှင်းလင်းသွားရန်လိုကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ ချောင်း၊ မြောင်းများတွင် ပိတ်ဆို့မှုများမရှိစေရေး၊ ချောင်းများ၊ မြောင်းများ တိမ်ကောခြင်းမဖြစ်စေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ပရဝဏ်နှင့် ကျောင်းဆောင်သစ် တည်ဆောက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေးတာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့်ပုသိမ်တက္ကသိုလ်**

အလားတူ နိုင်ငံတော်သမ္မတသည် ဩဂုတ် ၈ ရက်နေ့ကလည်း နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့် ပုသိမ်တက္ကသိုလ်တို့သို့သွားရောက်၍ တက္ကသိုလ်ပရဝဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို တက္ကသိုလ်အဆင့်နှင့်လျော်ညီသည့် သန့်ရှင်းသာယာလှပမှုများဖြစ်စေရေးဆောင်ရွက်ရန်၊ တက္ကသိုလ်အတွင်း အုပ်ဆိုင်းလျက်ရှိသည့် သစ်ပင်ကြီးများအား အလင်းဖွင့် ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲ ကျင်းပ

**လယ်ဝေး ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ လယ်ဝေးမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများအကြောင်း သိရှိနားလည် စေရန်ရည်ရွယ်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက်မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်း ကျောင်း(ပုံချို)တို့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ လယ်ဝေးခရိုင် ဥပဒေအရာရှိနှင့် တာဝန်ရှိသူများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်များ ရရှိခံစားနိုင်သည့် အခွင့်အရေးများနှင့်ပတ်သက်၍ အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောချက်များနှင့်ပတ်သက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများ မေးမြန်းရာ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ လယ်ဝေးခရိုင် ဥပဒေအရာရှိနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

# ဘဝထဲကနေ့ရက်တစ်ခု

## ကြည်မင်းဝေ(ဆင်ကျွန်း)

ညကတည်းက တစ်ရေးမှုအိပ်မပျော်ခဲ့ နွေဦးအစ တပေါင်းလဆန်း ကျွန်းတောင်ထိပ် နဘဲပင်ကြီးများပေါ်က နွေကြိုတွန်ကြူးနေကြသော ဥဩပျိုတစ်ကောင်၏ ဆွဲဆွဲငင်ငင်အသံလေးက မွေးရပ်မြေရွာကြီးနှင့် ရွှေတောင်ကြီးသဖွယ်ဖြစ်သည့် မွေးစားဖခင်ဘဘုန်းကြီးကို မခွဲခွာနိုင်သော ဝမ်းနည်းစိတ်ကို ပိုမိုနှိုးဆွနေလေသည်။ နံဘေး၌ အပူအပင်ကင်းစွာ အိပ်နေရှာသော ညီငယ် ကိုရင်ကလေး မျက်နှာနုနုလေးကို ကြည့်ကာ မျက်ရည်များက အလိုလိုစီးကျနေလေသည်။

အမိမဲ့ အဖေပစ် ဘဝများဖြစ်၍ ကျောင်းကြီးပေါ် ဘဘုန်းကြီးရင်ခွင်ထဲ ရောက်ခဲ့ကြရသည်မှာ သုံးနှစ်ပင် ရှိခဲ့လေပြီ။ မိခင်ကြီးက ညီငယ်လေးမွေးဖွားပြီး ဆုံးပါးသွားခဲ့၍ အသက်ငယ်ငယ်နှင့် မုဆိုးဖိုဘဝရောက်ခဲ့ရသော ဖခင်ကြီးကလည်း အမေဆုံးပြီးတစ်နှစ်ခန့်အကြာမှာပင် မင်းဝံတောင်ရိုးအနောက်ဘက် ကြည်းတော(ကုန်းအရပ်)သူနှင့် အိမ်ထောင်သစ်ထူကာ မိမိတို့ ညီအစ်ကိုနှစ်ယောက်ကို အမေ့မောင်၊ ဘဘုန်းထံအပ်ထားခဲ့ပြီး မယားနောက်ကောက်ကောက်လိုက်သွားသည်။

‘တုံ..... တုံ ..... တုံ .....တုံ.....တုံတုံတုံ’

မင်းကွန်းရွှေညောင်ပင်တုံးခေါက်လေပြီ ဤနေ့ တုံးခေါက်ရန်နှင့် ယာဂုကျိုရန် အလှည့်ကျသူမှာ ကိုရင်အောင်ဘုအလှည့်ဖြစ်သော်လည်း မွေးရပ်မြေကျောင်းကြီး၌ နောက်ဆုံးနှုတ်ဆက်ရမည့်ရက်အုန်းမောင်းကို ‘ငါပဲ ခေါက်လိုက်ပါမယ်လေ’ ဟူသော စိတ်ကူးဖြင့် အိပ်ရာမှ အသာအယာထကာ ကျောင်းအောက်ဆင်းခဲ့၏။ ဘုန်းကြီးကျောင်းသားပီပီ မိမိတာဝန်ကို အသွေးအသားထဲအထိ ရှိနေသော ကိုရင်အောင်ဘုလည်း အိပ်မှုန်စုံဖွားဖြင့် ထလာ၏။

‘ဟ...နန္ဒိယ..တစ်ညလုံး မအိပ်ဘူးထင်တယ် တချောက်ချောက်နဲ့ အသံတွေကြားနေရတယ်’ ငါလည်းအိပ်မပျော်ပါဘူး သူငယ်ချင်းရာ စိတ်မကောင်းဖြစ်လွန်းလို့’

အုန်းမောင်းလက်ရိုက်တုတ်ကောက်ကိုင်ကာ အချက်ကျကျခေါက်လိုက်ပြီး မီးတင်းကုပ်ထဲ ဝင်ကာ ယာဂုအိုးနှင့် ထောပတ်ပဲပြုတ်အိုးများကို မီးမွှေးလိုက်သည်။ ကိုရင်အောင်ဘု သင်္ကန်းစဖြင့် မျက်နှာသုတ်ရင်း မီးတင်းကုပ်ထဲဝင်လာလေသည်။

‘မျက်နှာသစ်ပြီး ... ပြင်စရာရှိတာ ပြင်ပါသူငယ်ချင်းရာ... မြို့ရောက်ရင်လည်း ငါ့ဆီစာရေးကွာ...’

နံနက်စောစောစီးစီး ဝမ်းနည်းသံကြီးနှင့် မှာနေပြန်သေး၏။ လကွေးကွေးကလေးက ဟိုးအနောက်ဂေါယာအရပ်၌ ကွက်ပျောက်လုဖြစ်နေ၏။ နွေဦးလေရူးကလေးများဖြင့် အရုဏ်တက် နံနက်ခင်းလေးက အေးမြနေသော်လည်း ရင်ထဲတွင် အမည်မသိသော ခံစားချက်များဖြင့် ပူလောင်ဝမ်းနည်းနေမိသည်။

(လင်းကြက်ကတွန်သံသာ ×××ငဘတို့ရွာ ××× ပုံပမာနိုင်းရင် ××× စေတုတ္တရာ ××× တိုင်းမြတ်ပုံသို့ ×××ပမာ ××× ပဒ္မိတာရဟန်းခံစုံလှတာ×××)

ရွာလယ်ကကိုဘညို၏ နံနက်အရုဏ်တက် ဖွင့်နေကျ အဆိုတော် ကိုထွန်းရွှေအသံက လေသင့်တိုင်းကြားနေရပြန်သည်။ ‘ဒီသီချင်းသံတွေ နောက်ဆိုငါမကြားရတော့ဘူး’ အတွေးနှင့်အတူ မျက်နှာသစ်ရင်းမျက်ရည်များက ကျလာပြန်သည်။ လက်ကောက်ဝတ်နှင့် ခြေမျက်စေ့နားတွင် တင်းတင်းကြပ်ကြပ်ဖြစ်နေကြသော ကြက်ပေါင်ကွင်း(သားရေပင်)များကို ချွတ်ကာ။

‘ဘုလေးရေ့ကွာ ဒီကြက်ပေါင်ကွင်းတွေလည်း မင်းတစ်ဝက် ငါ့ညီလေးတစ်ဝက်ပေးလိုက်တော့ လာကွာ ငါနိုင်ထားတဲ့ သရက်စေ့နဲ့ ပြောင်းဖူးအူတိုင်တွေလည်း မင်းယူထားလိုက်တော့’

ရေစဥ့်အိုးကြား၌ ဝှက်ထားသော ပြောင်းဖူးအူတိုင်များနှင့် သရက်စေ့များကို မျက်ရည်စက်လက်ဖြင့် အောင်ဘုကို ဝကွက်အပ်လိုက်၏။ ကစားစရာပစ္စည်း ရှားပါးသောခေတ် ကျေးလက်ဒေသဖြစ်၍ သဘာဝပစ္စည်းကလေးများနှင့် ထွေပစ်ဆော့ကစားကြရာ လက်ဖြောင့်အောင်ပစ်တတ်သော ကျွန်တော့်တွင် ပစ္စည်းလေးများအမြဲစုပုံနေ၏။ ကျေးရွာသဘာဝရှားပါးသော ကာလတွင် ပြောင်းဖူးအူတိုင်တစ်ရာလျှင် ငါးပြားနှင့် ရောင်းရ၏။ သရက်စေ့ငါးဆယ်ကိုငါးပြား၊ လောက်စာလုံး အစိတ်ကို တစ်မတ်၊ ကြက်ပေါင်အဟောင်းတစ်ရာကို ငါးမူးရ၏။

‘လောက်စာလုံးတွေက ငါ့အခန်းထဲက ရေအိုးကြီးထဲမှာ ရှိတယ်ဘုလေး’

‘အေးပါကွာ၊ အကုန်ရောင်းပြီး မင်းညီလေးကိုပေးလိုက်ပါ့မယ် သူငယ်ချင်းရာ’

‘ဘော်ဘူ ... ဘော် ... ဘော်’

‘ဟော..သုံးဆယ်ပေးက စိန်ရတနာစုန်လာပြီ နန္ဒိယ’

ရင်ထဲတွင် ထိတ်သွား၏။ ဘဘုန်းကြီးပင် မျက်နှာသစ်နေလေပြီ ကျောင်းပေါ်အပြေးတက်ကာ မြို့ယူရမည့် သံသေတ္တာကလေးနှင့် အိပ်ရာလိပ်သင်္ကန်းထုပ်များကို ဘဘုန်းရှေ့ထုတ်ယူခဲ့ပြီး အခန်းထဲပြန်ဝင်ကာ အပြစ်ကင်းစွာ အိပ်နေသော ညီလေးပါးဖြူ နုနုကလေးကို အားရပါးရနမ်းရင်း ချုံးပွဲချငိုမိသည်။

× × × × × × × × × × × ×

ရေလမ်းခရီးအနေဖြင့် မင်းကွန်း၊ နန်းတော်ကျွန်း၊ အာလောင်၊ မြစ်ရိုးအထက်ပိုင်းဆိုလျှင် သပိတ်ကျင်း၊ ကျောက်မြောင်းအထိသာ ရောက်ဖူးသွားဖူးခဲ့သဖြင့် နန်းတော်ကျွန်းရွာကြီးကို ကွေ့လိုက်သည်နှင့် ဧရာဝတီမြစ်မကြီးထဲသို့ ဝင်လာချိန်တွင် ကျယ်ပြောလှသော ရေပြင်ကြီးကိုကြည့်ကာ ပင်လယ်ပြင်ကြီးအလား ထင်မှတ်မှားမိ၏။ မျက်ရည်များပြည့်လျှံသော မျက်လုံးများဖြင့် မွေးရပ်မြေ ရွာကြီးကို လှည့်ကြည့်မိချိန်တွင် သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့် ရွာကြီးမှာ တဖြည်းဖြည်းမှုန်ဝါးကျန်ရစ်ပြီး နေထိုင်ကြီးပြင်းခဲ့သော ကျောင်းကြီးဘုံပြာသာဒ်ချွန်ချွန် ကြီးကိုသာ ပိုးတဝါး မြင်ရသည်။

‘ဟောင်းရွက်ကြွေ *** နွေကင်း* လေညင်းကထန်** ဝဿာန်ပေါ်ဦး *** ထူးတစ်ထွေတိမ်ခြေ မှိုင်းပျ** ရှစ်တိုင်းကလျှံ ** နှစ်လပြောင်းပြန် *** အချစ်ကမဟောင်းအမှန် ** လွမ်းတာရှည် * ဌာနေကျေးသို့တစ်ဖန်** ပုရစ်ညာရုံ * ပုန်းညက်ခိုင်တံ***’

မော်တော်ဆရာကိုလှသုန်ကတော့ သူ့ဝသီအတိုင်း ကမ်းကခွာပြီဆိုသည်နှင့် ကျေးလက်အကြိုက် အဆိုတော်ကြီး တွံတေးသိန်းတန်သီချင်းကို ပုံမှန်ဖွင့်လေသည်။ မွေးရပ်မြေက အပြီးတိုင်ခွဲခွာရပြီဆိုသောအသိနှင့် နုနယ်သောနှလုံးသားလေးမှာ သီချင်းသံနှင့်အတူ ငိုချင်လာမိသည်။

ယခင်ရွာအရှေ့ဘက် မြစ်လက်တက်ကိုသာ ဧရာဝတီမြစ်ကြီးဟုသိနားလည်ခဲ့ရာက တကယ့် ဧရာဝတီမြစ်ကြီးထဲရောက်ချိန်တွင် မြင်မြင်သမျှက ထူးဆန်းအံ့သြဖွယ်အတိဖြစ်နေ၏။ မင်းဝံတောင်ရိုးကြီး၏ စေတီပုထိုးများနှင့်ဘုရားကျောင်းကန်များကိုလည်း ပန်းချီကားတစ်ချပ်ပမာ ထင်ထင်ရှားရှားမြင်ရသည်။ ကျယ်ပြောလှသော မြစ်ပြင်ကြီးထဲတွင် နန်းတော်ကျွန်းရွာခြေက မီးကျွမ်းထားသော နန်းတော်ရာဟောင်းကြီးနှင့် အုတ်မြို့ရိုးနီညိုညိုအပိုင်းအစများကိုလည်း ယခုမှမြင်ဖူးလေတော့သည်။

ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်ကျန်ရစ်သော သံမဏိ သင်္ဘောပျက်ကြီးများက ဧရာဝတီမြစ်ရေပြင်အနှံ့၊ ကမ်းစပ်၊ ရေလယ်၊ သဲသောင်ပြင်ကြီးများပေါ်တွင် မကောင်းဆိုးဝါးကောင်ကြီးများကဲ့သို့၊ ညို့ညို့မဲမဲဖြင့် ရေငွေ့မြူမှုန်များအကြား ချောက်ချားဖွယ်မြင်နေရ၏။ ရေလယ်တောင်ခုံအစပ်၌ အုပ်စုဖွဲ့အစာရှာပျံဝဲနေကြသော ပန်းရောင်ကြိုးကြာငှက်ကြီးများ၊ လည်စိမ်း ဟင်္သာငှက်ကြီးများကိုတော့ ကျွန်းကြီးပေါ်၌ သားပေါက်ရာသီရောက်တိုင်း အနီးကပ် မြင်ဖူးနေကျဖြစ်၏။ ရေထဲငုပ်ချည်ပေါ်ချည်နှင့် အစာရှာနေကြသော တင်ကျီးငှက်မဲကြီးများ အကြားမှ ကိုယ်လုံးကြီးကြီး ရေဇလုပ်ကြီးများဖြင့် ဝန်ပိုငှက်ကြီးများကိုတော့ တွေ့ရမြင်ရခဲပြီး ယခုမှပင် မော်တော်ပေါ်မှ အနီးကပ် မြင်ရ၏။

ဝန်ပိုငှက်ကြီးများကိုကြည့်ကာ ည ည ဝတ်ဖြည့်နှိပ်နယ်ပေးချိန် ဘဘုန်းမကြာမကြာ ပြောပြသော ‘ငှက်ကြီး ဝန်ပိုနှင့်မထွေးလေး’ ပုံပြင်ကို သတိရမိသည် သင်္ဘောပျက်ကြီးများ မနီးမဝေးတွင် ‘ဖော်ယာတိုင်’ ဟုခေါ်သော ရေလမ်းကြောင်းပြအမှတ်အသား အဖြူရောင်အလုံးကြီးများ ကြယ်ပုံစံကြီးများ လေယူရာလှည့်နေသော မြှားတံပုံစံ၊ နီဝါကျား တိုင်ကြီးများကိုလည်းမြင်ခဲ့၏။

(ရွာ၌နေစဉ် ကျွန်းအနောက်ဘက် ဧရာဝတီမြစ်မကြီးထဲမှ အစုန်အဆန်ခုတ်မောင်းသွားကြသည့် ရေးရေးမျှသာမြင်ဖူးခဲ့သော ဗန်းမော်၊ ကသာ နှစ်ထပ်သင်္ဘောကြီးများကို မိမိတို့ စီးလာသော မော်တော်ကလေးများနှင့် ရေလယ်တွင် ကပ်ရှောင်ခုတ်မောင်းသွားမှ မော်တော်ကလေး ငါးစင်းစာမျှကြီးမားကြောင်း သိရသည်။ သင်္ဘောကြီးများ၏ ဖင်ပိုင်းမှ ကြီးမားလှသော ရေယက်ပန်ကာကြီးများကြောင့် ကြီးမားသော ရေလှိုင်းကြီးများလည်း ဖြစ်လေရာ မိမိတို့ စီးလာသော မော်တော်လေးမှာ ဦးမော့လိုက်၊ ဖင်ထောင်လိုက်၊ တလူးလူးတလိမ့်လိမ့်ဖြင့် သည်းထိပ်ရင်ဖိုရှိလှသည်။

ထိုသင်္ဘောကြီးများ ရေလှိုင်းများကို ခိုကာ၊ ဝန်ပိုငှက်ကြီးများနှင့် တင်ကျီးငှက်ကြီးများက လှိုင်းစီးပျော်ပါးနေကြသည်ကိုလည်း မိမိတို့ ရေချိုးရင်း လှိုင်းစီးခဲ့ကြရသည်နှင့်ပင် တူနေတော့သည်။ သင်္ဘောကြီးများ၏ အမည်များကိုလည်း ယခုမှ မြင်၏။ ဘောဂကြီး၊ ကြံတိုင်းအောင်၊ ဗန္ဓုလ၊ ရတနာပုဏ်၊ နာမည်များ ကျွန်တော့်အတွက် ထူးဆန်းနေ၏။ အချက်ပေးဥဩသံကြီးများကလည်း အသံအလွန်ကျယ်၏။ သင်္ဘောကြီးများနှင့် ကပ်ရှောင်ကြတိုင်း ခရီးသည်များက ပဝါကလေးများ အဝတ်စကလေးများဖြင့် အပြန်အလှန် ဝှေ့ရမ်းနှုတ်ဆက်ကြသည်မှာလည်း မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ဆိုသည်ကို မှတ်သားမိခဲ့သည်။

‘ဘော် ... ဘော်ဘူ ... ဘော် ... ဘော် ...’

‘လူကလေးသေတ္တာနဲ့ အထုပ်တွေ သေချာစုံအောင်ယူနော် မြို့ရောက်ပြီ’

မော်တော်အချက်ပေး ဥဩသံနှင့်အတူ ဘဘုန်းက ညီလေးလက်ကို ဆွဲထားရင်း သတိပေး၏ မြို့ရောက်ပြီဆိုသဖြင့် မြစ်ပြင်ထဲငေးနေသော မျက်လုံးများက နောက်ကျောဘက်သို့ လှည့်ကြည့်မိလိုက်သည်။

× × × × × × × × × × × ×

မြို့ဟူသော မန္တလေးရွှေမြို့တော်ကြီးကို အထင်အရှားမြင်ရသည်မှာ ဘဝတစ်သက် မမေ့နိုင်စရာပင်။ အရွယ်စုံလှသော မော်တော်များက အစီအရီဆိုက်ကပ်ထားကြ၏။ မရမ်းခြံဆိပ်ကမ်းဟု ဘဘုန်းကပြော၏ မြေမြို့ရိုးပေါ်တွင် မီးခိုးခေါင်းတိုင်ကြီးများနှင့် သစ်စက်ကြီးများက မီးခိုးတအူအူ ထွက်နေကြသည်။ မိမိတို့ စီးလာသော မော်တော်လေးဆိုက်ကပ်ရာ ဆိပ်ကမ်းအထက်တွင် မျောတိုင်များ၊ ဝါးပိုးဝါးများဖြင့် ခြေတံရှည်ဆောက်ထားကြသော တဲကလေးများ တန်းစီနေလေရာ ‘ဟင် မြို့ကလည်း ငါတို့ရွာက အိမ်တွေလောက်တောင် မကောင်းဘူး’ ဟု တွေးမိလိုက်၏။

‘လူကလေး ဟိုအထက်နားက မြင်နေရတဲ့ သစ်ပင်အုပ်အုပ်လေးက မင်းတို့အဖေ့ရဲ့ အမေက ဒေါ်အေးချုပ်တို့နေတဲ့ စက်ရိပ်အရပ်ပဲ’

ဘဘုန်းစကားကြောင့် မိမိ၏ ဇာတိချက်ကြွေမွေးရပ်မြေ စက်ရိပ်ဆိုသော အဘိုးအဘွားများရှိရာ အရပ်ကြီးကို ရော်ရမ်းကြည့်မိ၏။ အမေပြောခဲ့ဖူးသည်ကို မှတ်မိနေ၏။

‘ငါ့သားကြီးက မြို့ဈေးဝယ်သွားရင်း အမေတို့အိမ်မှာမွေးခဲ့တာ ငါ့သားကြီးက မြို့သား ဆင်ကျွန်းရွာသား မဟုတ်ဘူး’

‘လူကလေး စက်ရိပ်အရှေ့ဘက်က အဆင့်ဆင့်နဲ့ စက်ရုံကြီးက မီးခြစ်စက်ကြီးကွ မင်းဆွမ်းခံသွားရမယ့် အရပ်တွေပဲ’

မြို့ကိုသွားရတော့မည်ဆိုကတည်းက မြို့ရောက်လျှင် ဆွမ်းခံသွားရမည့် ဆွေမျိုးများရှိရာ ဆိုင်းတန်းရပ်၊ နဘဲကျူးရပ်၊ မီးခြစ်စက်၊ ပေါက္ကရိုရပ်၊ ဆိုသည်များကို မှတ်မိနေ၏။ မရမ်းခြံဆိပ်ကမ်းပေါ် ခြေချမိသည်နှင့် စိုးမိုးမေတ္တာဇာတ်လမ်းထဲက ကိုသိန်းတန်စကားကဲ့သို့ပင် ‘ဩော် မြို့ ... မြို့ ...မြို့ဆိုတာ ဒါပါလား လူတွေကလည်း ဒို့ရွာဘုရားပွဲထက်တောင်မှ များပါသေးလား’ ဟုပင် ညည်းညူစရာပင် ကုန်ထမ်းသူ၊ တောင်းရွက်သူများဖြင့် ကြိတ်ကြိတ်တိုးနေကြသည်။ ဆယ့်ငါးပေခန့်ကျယ်သော လမ်းရိုးလေးပေါ်မှ ညီလေးကို လက်ကဆွဲသေတ္တာကလေးကို လက်တစ်ဖက်ကဆွဲကာ ရှေ့ကလျှောက်သွားသော ဘဘုန်းသင်္ကန်းစကို မလွှတ်တမ်းဆွဲပြီး အိပ်ရာလိပ်ကလေးထမ်းကာ အမီလိုက်ရသည်။

‘ဟ..လူကလေး သင်္ကန်းကို ဘာလို့ ဖွတ်ဆွဲနေရလဲ ဒီမှာလက်မအားရတဲ့အထဲ’

ကိုရင်ငယ်ကလေးနှစ်ပါးနှင့် ကို့ယို့ကားယားဖြစ်နေသော ဘဘုန်း အပြုံးမပျက်ပြောရှာ၏။ ဤမျှ များပြားသောလူအုပ်ကြီးထဲ မြို့ဟူသော အရပ်ကြီးတွင် ဘဘုန်းနှင့် လူချင်းကွဲသွားမည်ကို ကြောက်နေမိ၏။ အုတ်လှေကားထစ်ကလေးများထိပ်တွင် ‘ပိုက်ကျုံး’ ဟု ရေးထားသော ဝါညစ်ညစ် ဆိုင်းဘုတ်ကလေးနှင့် အုတ်လှေကားထစ်များအခြေတွင် မြင်းလှည်းများတန်းစီရပ်ထားကြပြီး ခရီးသည်များကို အလုအယက်ခေါ်နေကြ၏။ အချို့က ခရီးသည်များ၏ အိတ်များ၊ တောင်းများ၊ ခြင်းများကို အတင်းအဓမ္မဆွဲယူပြီး မြင်းလှည်းပေါ်တင်နေကြသည်။

‘ဈေးချို ... ဈေးချို တစ်ယောက်တစ်မတ် တစ်ယောက်တစ်မတ်’

‘ဂေါဝိန် ... ဂေါဝိန် ... တစ်ယောက် ပြား သုံးဆယ်... ပြားသုံးဆယ်’

‘ဘုန်းဘုန်း မြင်းလှည်းစီးမှာလား ပေး ပေး သေတ္တာကြီးကို ကိုရင်ကလေးနှစ်ပါးမှ တစ်မတ်ပဲ ပေး ဘုရား’

‘နေ ...နေ ဒကာ ...ဘုန်းကြီးက...ဒီအနားပွဲကုန်းတင်’

သံသေတ္တာလာဆွဲသော မုတ်ဆိတ်မွေးအရှည်ကြီးနှင့် ကုလားကြီးကို ငြင်းလိုက်ပြီးပြောလိုက်သော အသံက ကျွန်တော့်ရင်ထဲ ဒိန်းကနဲ မြည်သွားခဲ့သည်။

‘ပွဲကုန်းအရပ်... ပွဲကုန်းအရပ်....ဒီအရပ်ကြီးရောက်ရင် ငါတစ်ယောက်ထဲ နေခဲ့ရတော့မှာပါလား’ ဟူသောအတွေးဖြင့် မျက်ရည်များ ဝဲတက်လာသည်။ မြို့ဟူသော မန္တလေးမြေပေါ်တွင် ပထမဆုံးရောက်ခဲ့ရသော ထိုနေ့...ကျွန်တော့်ဘဝထဲက မမေ့နိုင်သော နေ့ရက်တစ်ခု ＊ ＊ ＊ ＊ ＊ ＊

# မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ စံကျောင်းပိဋကတိုက်အား အသစ်တစ်ဖန်ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်း၊ ကျောင်းတိုက်အတွင်းရှိ လမ်းများအားလုံး နိုင်လွန်ကတ္တရာလမ်းခင်း လှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ





**မန္တလေး ဩဂုတ် ၉**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ ရွှေကျင်ဂိုဏ်းကြီး၏ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ကျက်သရေဆောင် တစ်ခုဖြစ်ပြီး ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ အထိမ်းအမှတ်ဖြစ်သော နှစ်ပေါင်း (၁၁၀)သက်တမ်းရှိ စံကျောင်းပိဋကတိုက်ကြီးမှာ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရန် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာ ဘိဝံသ အမှူးပြုသော ဆရာတော်များထံမှ ဩဝါဒများခံယူ၍ ကုသိုလ်ရှင်များ၏ကောင်းမှုဖြင့် ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးခဲ့သည်။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စံကျောင်းပိဋကတိုက် အသစ်တစ်ဖန်ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ ကျောင်းတိုက်အတွင်းရှိ လမ်းများအားလုံး နိုင်လွန်ကတ္တရာလမ်းခင်း လှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်အလယ်ကျောင်းကြီးတွင်ကျင်းပရာ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ရွှေကျင်နိကာယ ဥပ ဥက္ကဋ္ဌ မဟာနာယက ဝိဇ္ဇာလင်္ကာရ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့သည်။

အခမ်းအနား၌ ရွှေကျင်နိကာယ ဥပ ဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဆရာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အလှူရှင်များက သင်္ကန်းအစရှိသောလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် အလှူရှင်များမှ လှူဒါန်းသည့် ဓမ္မပူဇာအလှူငွေများကို တာဝန်ရှိသူများက လက်ခံခဲ့သည်။

၎င်းနောက် ရွှေကျင်နိကာယ ဥပ ဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြည်ညိုကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှစ်ပေါင်း (၁၁၀)သက်တမ်းရှိ စံကျောင်းပိဋကတိုက်အား ရှေးမူမပျက် အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု၊ ဆရာတော်ကြီး၏ ပုံတူကြေးရုပ်တုတော်နှင့် သစ်သားပုံတူ၊ ထေရုပ္ပတ္တိပန်းချီကားချပ်ကြီး (၂၃)ချပ်၊ မင်းတုန်းမင်းတရားနှင့် သီပေါမင်းတို့ ဆက်ကပ်လှူဒါန်းခဲ့သည့် တံဆိပ်တုံးများ၊ ဆရာတော်ကြီး၏ အသုံးအဆောင်ပစ္စည်းများ၊ ကျမ်းစာများ၊ ကျမ်းစာအုပ်များ စသည်ဖြင့် ရွှေကျင်နိကာယဗဟိုဌာန၏ မှတ်တမ်းမှတ်ရာများ၊ ရွှေကျင်ဂိုဏ်းကြီး၏ မှတ်တမ်းမှတ်ရာများကို စနစ်တကျ ထိန်းသိမ်းထားရှိမှုများ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစည်အလယ်တိုက်ကြီးအား ရှေးမူမပျက်ပြုပြင်မွမ်းမံထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀









# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကိုလံဘီယာသမ္မတသစ် အာဘယ်လာဒို ဒီလာအက်စ်ပရီယယ်လာ မူးယစ်ဂိုဏ်းများကို "အပြတ်အသတ် စစ်ဆင်ရေး"ဆင်နွှဲမည်ဟု ဆို



**ဘိုဂိုတာ ဩဂုတ် ၉**

ကိုလံဘီယာနိုင်ငံ၏ လက်ယာယိမ်း လူထုကြိုက်သမ္မတသစ်အာဘယ်လာဒိုဒီလာ အက်စ်ပရီယယ်လာ ကျမ်းသစ္စာ ကျိန်ဆိုပြီး နာရီပိုင်းအကြာတွင် အမေရိကန်ပြည်ထောင်စုက ဒေါ်လာ ၁ ဘီလီယံ(ပေါင် ၇၄၀ မီလီယံ) ထောက်ပံ့ရန် ကတိပြုလိုက်ကြောင်း သိရသည်။

ယင်း''လုံခြုံရေးဆိုင်ရာ ထောက်ပံ့ကူညီရေး အစီအစဉ်'' သည် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်မှုနှင့် စနစ်တကျ ဖွဲ့စည်းထားသော ရာဇဝတ်ဂိုဏ်းများကို တိုက်ဖျက်ခြင်း အပါအဝင် ''ဘုံ ရည်မှန်းချက်များ'' ပြည့်မြောက်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အဆိုပါကိုလံဘီယာသမ္မတသစ်သည် ၎င်း၏ ပထမဆုံး မိန့်ခွန်း၌ မူးယစ်ဆေးဝါးဂိုဏ်းများကို ''အပြတ်အသတ် စစ်ဆင်ရေး''ဆင်နွှဲမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

**Mon**

## လူကူးနှင့် စက်ဘီးစီး ကျောက်ဖရား မြစ်ကူးတံတား ဘတ်ငွေ ၁ ဘီလီယံအကုန်အကျခံ တည်ဆောက်မည်



**ဘန်ကောက် ဩဂုတ် ၉**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြို့ပြအာဏာပိုင်များသည် ဒေသခံများနှင့် ခရီးသွားများအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လမ်းလျှောက်နှင့် စက်ဘီးစီးသွားလာမှု နည်းလမ်းများကို တိုးချဲ့ပေးရန် ကျောက်ဖရား မြစ်ပေါ်ဖြတ်သန်းမည့် ထိုင်းဘတ်ငွေ ၁ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၉ သန်း)တန်ဖိုးရှိ အထင်ကရ လူကူးနှင့် စက်ဘီးစီး တံတားတစ်စင်း တည်ဆောက်ရန် အစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘန်ကောက်မြို့တော်ဝန် ချတ်ချတ်စစ်သီဖန်းက ဦးဆောင်သည့် အဆိုပါ စီမံကိန်းကို ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ်တည်ဆောက်ရန် ရည်မှန်းထားကြောင်း ဘန်ကောက်မြို့တော် စေတီတော်အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

လူကူးလမ်းကြောင်းများကို လျှပ်စစ်ရထားကွန်ရက်နှင့် ချိတ်ဆက်ပေးမည့် အဆိုပါတံတားသည် သမိုင်းဝင်ဒေသနှစ်ခုဖြစ်သော ဆောင်းဝတ်နှင့် ခလောင်ဆန်တို့ကို ချိတ်ဆက်ပေးမည့် မြို့ပြအထင်ကရနေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## နိုင်ငံတကာ ဇျူကလီးယားသိပ္ပံ အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု တရုတ်ဆွတ်ခူးရရှိ




**ပေကျင်း ဩဂုတ် ၉**

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့၌ ကျင်းပသော တတိယအကြိမ်မြောက် နိုင်ငံတကာနျူကလီးယားသိပ္ပံ အိုလံပစ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံက ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရှစ်ရက်ကြာ ကျင်းပသည့် အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ အသင်းများ လာရောက်ယှဉ်ပြိုင်ခဲ့ကြပြီး နျူကလီးယားရူပဗေဒ၊ ရောင်ခြည်ဖြာထွက်မှုကာကွယ်ရေးနှင့် နျူကလီးယားလောင်စာအပါအဝင် အခြားသော သီအိုရီနှင့် လက်တွေ့စမ်းသပ်မှု စာမေးပွဲများ ပါဝင်သည်။

တရုတ်နိုင်ငံ၏ ပါဝင်ယှဉ်ပြိုင်မှုကို ပြိုင်ပွဲကျင်းပရေးကော်မတီ ကိုယ်စားလှယ် တာလာအယ်လ်ရာရှီဒီက ကြိုဆိုခဲ့ပြီး ကျောင်းသားများသည် ထူးချွန်ထက်မြက်သည့် စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ကာ တရုတ်လူငယ်များ၏ အပြုသဘောဆောင်သော စပီးရစ်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**Mon**

0-0-0-0-0

# STOP AIDS

## ကနေဒါနိုင်ငံ အနောက်ပိုင်း ဝေးလံခေါင်ဖျားဒေသတစ်ခု၌ တောမီးကြောင့် လူသောင်းနှင့်ချီ၍ နေအိမ်များ စွန့်ခွာ ထွက်ပြေး

**အော့တဝါ ဩဂုတ် ၉**

ကနေဒါနိုင်ငံ အနောက်ပိုင်း ဝေးလံခေါင်ဖျားသော ဒေသတစ်ခု၌ လျင်မြန်စွာ ကူးစက်တောက်လောင်နေသော တောမီးကြောင့် လူပေါင်းသောင်းနှင့်ချီ၍ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း သိရသည်။

အရှယ်အစား နှစ်ဆမျှလျင်မြန်စွာ ကြီးထွားလာသော အဆိုပါဘောလ်ဒ်ရိန့်ချ် တောမီးသည် ဗြိတိသျှကိုလံဘီယာပြည်နယ်၊ ဆန်းမားလန်းနှင့် အိုကာနာဂန်-ဆီမီးလ်ကာမင်း ခရိုင်များတစ်လျှောက် စတုရန်းမိုင် ၃၆ မိုင်(၉၅ စတုရန်းကီလိုမီတာ)ကျော်အထိ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

တောမီးမကြာခဏလောင်လေ့ရှိသော အဆိုပါဒေသ၌ တိုတောင်းသော ကာလအတွင်း အလျင်မြန်ဆုံးနှင့် အကြီးမားဆုံး ကူးစက်တောက်လောင်သည့် တောမီးတစ်ခုဖြစ်သည်ဟု အိုကာနာဂန်-ဆီမီးလ်ကာမင်းဒေသဆိုင်ရာ ခရိုင်အရေးပေါ်ဌာန အရာရှိ အဲရစ်သွန်ပဆန်က ပြောကြားကြောင်း သိရသည်။

**Mon**





## ဝေလကမ်းခြေသို့ သောင်တင်လာသော ရှားပါးလိပ်ကို မက္ကဆီကိုပင်လယ်ကွေ့ရှိ မူလနေရပ်သို့ ပြန်ပို့ပေးခဲ့

**လန်ဒန် ဩဂုတ် ၉**

ဗြိတိန်နိုင်ငံ ဝေလကမ်းခြေတစ်နေရာသို့ သောင်တင်လာသော ရှားပါးလိပ်တစ်ကောင်ကို မိုင်ပေါင်း ၅၀၀၀ (၈၀၄၇ ကီလိုမီတာ)ကွာဝေးသည့် မက္ကဆီကိုပင်လယ်ကွေ့ရှိ မူလနေရပ်သို့ လေကြောင်းလိုင်းဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ရှေ့စီဟု အမည်ပေးထားသော အဆိုပါကန့်ပ်စ်ရစ်ဒ်လီ ပင်လယ်လိပ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက သေလုမျောပါးအခြေအနေဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အင်ဂယ်စီပင်လယ်ငါးပြတိုက်မှ ဝန်ထမ်းများက ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည်အထိ ပြုစုစောင့်ရှောက်ပေးခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများသည် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းပျံသန်းစဉ် အဆိုပါလိပ် ရေဓာတ်ခန်းခြောက်မှုမရှိစေရန် သေချာစွာ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Mon**

## ဒေါ်လ်ဖင်မုန်တိုင်း တရုတ်နိုင်ငံ အရှေ့ကမ်းရိုးတန်းသို့ ဝင်ရောက် ရေကြီး၊ မြေပြို၊ မိုးသည်းထန်ကာ လေပြင်းများ တိုက်ခတ်နိုင်

**ပေကျင်း ဩဂုတ် ၉**

ဒေါ်လ်ဖင်မုန်တိုင်းသည် ဩဂုတ်လ ၉ ရက် ညပိုင်းတွင် တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်ရာ အရှေ့ပိုင်းဒေသအများအပြား၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်စေနိုင်မည်ဟု ခန့်မှန်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေါ်လ်ဖင်မုန်တိုင်းသည် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါခရိုင်ကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး ဖြစ်ရာ လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံ ၅၀၀၀၀ ကျော်တွင် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။



တရုတ်နိုင်ငံသို့ မုန်တိုင်း မဝင်ရောက်မီ အာဏာပိုင်များသည် ကမ်းလွန်လုပ်သားများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး သင်္ဘောများကို ဆိပ်ကမ်းသို့ ပြန်လည်ဝင်ရောက်ရန် အမိန့်ထုတ်ပြန်ခဲ့သည့်အပြင် ရေလှောင်တမံများ၊ တောင်ကျစက်ရေစီးကြောင်းများ၊ မြေပြိုနိုင်ခြေရှိသောဒေသများ၊ ဆောက်လုပ်ရေးစိုက်ကွင်းများနှင့် ခရီးသွားနေရာများကို စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်ကူညီ

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများ၌ ဩဂုတ် ၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကျေးရွာ၊ ရပ်ကွက်များနှင့် လယ်ယာစိုက်ခင်းများအတွင်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျေးရွာ၊ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် ရေဦးမြို့နယ်ရှိ ဆီဆုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာရှိ မြင့်တင်ဘုန်းတော်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ မင်းကင်းမြို့နယ် သရက်တောရပ်ကွက်ရှိ ဒေသခံပြည်သူများအား မင်းကင်းမြို့ မြို့မရပ်ကွက်ရှိ ယွန်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ မင်းကင်းမြို့နယ် ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျေးတောင်ဦးကျေးရွာ ရွှေဇဝါထွန်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ယာယီ ရွှေ့ပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက သွားရောက်ကူညီဆောင်ရွက်ပေးကြပြီး ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးနိုင်ရေးအတွက် မြို့နယ်အလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သဂ္ဂယ်ကျင်း-ဖောင်းပြင်- ဟုမ္မလင်း- ခန္တီး လမ်းပိုင်းရှိ တံတားအမှတ် ၁/၂၃၀ သံကူကွန်ကရစ်တံတား၏ ဘယ်ဘက်ခြမ်းမြေထိန်းနံရံရေတိုက်စားသွားကာ ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် လမ်းပေါ်ရေကျော်လျက်ရှိပြီး ယာဉ်ကြီးများသာ သွားလာနိုင်ကြောင်း သိရသည်။



ယင်းအပြင် ရွှေဘိုခရိုင်အတွင်း ကျေးရွာအုပ်စု ၃၃စုမှ လယ်ယာစိုက်ခင်းများနှင့် ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာအုပ်စု လယ်လှကျေးရွာအုပ်စုနှင့် ရှမ်းစုကျေးရွာများရှိ လယ်ယာစိုက်ခင်းများအား ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(အပေါ်ပုံ)

သတင်းစဉ်

---

■ စာမျက်နှာ ၂၄ မှ

အမှတ်(၆) ရပ်ကွက် ရွှေဘုံသာလမ်း အိမ်အမှတ် (၃၆) အရှေ့သို့ အရောက်၌ စိစစ်ဆဲအဖွဲ့တစ်ဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ည ၈ နာရီခန့်တွင် အကြမ်းဖက် သမားများက ဦးအောင်မြင့် ကိုင်ဆောင်သော ဖုန်းဖြင့် ၎င်း၏ မိသားစုများထံသို့ ဆက်သွယ်၍ ဦးအောင်မြင့်(ခ) ဆူပရာမန်းနီးအား အသက်ရှင်လျက် ပြန်လည်ရရှိလိုပါက ငွေကျပ်သိန်း ၄၅၀၀ နှင့် ရွှေ ၆၀ ကျပ်သားပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား တိုင်ကြားခြင်း မပြုရန်နှင့် တိုင်ကြားပါက ဦးအောင်မြင့်အား သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ ငွေကြေးတောင်းခံခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထက်ပါဖြစ်စဉ်မှ တရားခံများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၇ ရက် နံနက် ၄ နာရီခွဲခန့်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်တွင် ပါဝင်သူ တရားခံများ ဖြစ်ကြသည့် မူဒူးဂါး(ခ) ဝင်းကိုအောင် (ဘ) ဦးလှမြင့်(ခ)ဦးဘာစန်း(ဟိန္ဒူ၊ဗုဒ္ဓ) နှင့် ဂင်ဒီ (ခ) လင်းလင်း (ဘ) ဦးမောင်မောင် (ဟိန္ဒူ၊ ဗုဒ္ဓ) တို့နှစ်ဦးအား တာမွေမြို့နယ် စက်စန်းဟိုတယ် အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်ခဲ့ရာ အဆိုပါနေ့ နံနက် ၅ နာရီခွဲခန့်တွင် ဆက်စပ်တရားခံ ခြောက်ဦးနှင့် ပြန်ပေးဆွဲရာတွင် အသုံးပြုခဲ့သည့် Taxi နှင့်ယာဉ်မောင်းတို့အား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေရာ တစ်ဝိုက်အား လိုအပ်သည့် ရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပြန်ပေးဆွဲခံရသူ ဦးအောင်မြင့် (ခ) ဆူပရာမန်းနီးအား ၎င်းအနီးရှိ အိမ်ပျက်အတွင်းမှ အသက်ရှင်လျက် ပြန်လည်ရှာဖွေတွေ့ရှိကယ်တင်နိုင်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်မှုနှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့် စုစုပေါင်း ကိုးဦးတို့အား တည်ဆဲဥပဒေများနှင့် အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီး ဖော်ထုတ် ဖမ်းဆီးရမိရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပန်းဘဲတန်းမြို့နယ် (၆)ရပ်ကွက်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ မှတ်တမ်းဓာတ်ပုံ



မူဒူးဂါး(ခ) ဝင်းကိုအောင် (၂၆)နှစ်



ဂင်ဒီ(ခ) လင်းလင်း (၃၀)နှစ်



ကျော်သူရ (၃၆)နှစ်



မောင်ငယ်(၃၁)နှစ်



မျိုးမင်းဦး(ခ) မျိုးကြီး (၃၂)နှစ်



အောင်သူ(ခ) အောင်သူဦး (၃၂)နှစ်



အောင်ထက်မိုး (၃၀)နှစ်



ကျော်သက် (၃၀)နှစ်



ကျော်ကိုကိုလွင်(၃၉)နှစ်

---

# သီပေါမြို့နယ်၌ နမ့်ပေါ့ချောင်းကျောက်စီမြေထိန်းနံရံ ပြိုကျပျက်စီးသဖြင့် ရေတိုက်စားမှုဖြစ်ပေါ်သည့် ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာရှိ နမ့်ပေါ့ချောင်း ကျောက်စီမြေထိန်းနံရံသည် ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီခန့်တွင် ပြိုကျပျက်စီးသွားကြောင်း သိရှိရသည်။



အဆိုပါ မြေထိန်းနံရံ ပြိုကျပျက်စီးမှုကြောင့် ရေစီးလမ်းကြောင်းပြောင်းကာ ရေတိုက်စားမှုကြောင့် ညောင်ပင်ကွင်းကျေးရွာမှ ဦးဆုပညာ၏ နေအိမ်ခြံဝင်းရှိ ရေချိုးခန်း၊ အိမ်သာတွဲလျက် တစ်လုံး၊ ဒေါ်ခိုင်၏ နေအိမ်ခြံစည်းရိုး အုတ်တံတိုင်း အရှည် ပေ ၆၀ ခန့် ပြိုကျပျက်စီးသွားခဲ့ရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများမှ ကာကွယ်ရန် သဲအိတ်များစီ၍ အတားအဆီးများ ပြုလုပ်ခြင်း၊ လိုအပ်သော ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးခြင်း၊ စက်ယန္တရားများ အသုံးပြု၍ ရေလမ်းကြောင်း လွှဲခြင်းများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် ရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံး ဒဏ်ရာရမှုမရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

---

# စိုက်ပျိုးရေးဆေးအရောင်းဆိုင်များအား စစ်ဆေး

**ကျောက်ဆည် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စီမံကိန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ဈေးကွက်အတွင်း ရောင်းချနေသော စိုက်ပျိုးရေးဆေးအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။



ကွင်းဆင်းစစ်ဆေးရာတွင် စိုက်ပျိုးရေးဆေးအရောင်းဆိုင်များအနေဖြင့် ရောင်းချခွင့်လိုင်စင် သက်တမ်းရှိ၊ မရှိ၊ ဓာတ်မြေဩဇာများ ရောင်းချရာတွင် မူလကုမ္ပဏီတံဆိပ်ဖြင့် သတ်မှတ်အလေးချိန် ပြည့်ဝရေးနှင့် သတ်မှတ်ရည်ညွှန်းဈေးထက်ပို၍ ဈေးတင်ရောင်းချမှု မရှိစေရေး၊ တားမြစ်ပိုးသတ်ဆေးများအား ရောင်းချမှုမရှိစေရေးနှင့် ပိုးသတ်ဆေးများ ရောင်းချရာ၌ သုံးစွဲရန် ကုန်အမှတ်အညွှန်းတံဆိပ်ပါရှိရေး စသည်တို့အား စစ်ဆေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

---

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**မောက်မယ် ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးခြင်းကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စတင်ထုတ်ချေးခဲ့သည်။

မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေးရာတွင်မောက်မယ်မြို့နယ်အတွင်း ရပ်ကွက်(၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငါးအုပ်စုမှ စိုက်ပျိုးဧက ၆၈၄ ဧကခန့်၊ တောင်သူ ၁၀၀ ဦးအား တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေ စုစုပေါင်းငွေကျပ် သိန်း ၁၀၀၀ ကျော်အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဝန်ထမ်းများက တောင်သူများထံ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတကာ အားကစား သတင်းများ



## ဗီလာရီးရဲလ်အသင်းက ဂါလာတာစာရေးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဩဂုတ် ၉**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်ကလပ် ဗီလာရီးရဲလ်အသင်းနှင့် တူရကီကလပ် ဂါလာတာစာရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီလာရီးရဲလ်အသင်းက ဂါလာတာစာရေးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီလာရီးရဲလ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် သုံးမိနစ်တွင် ပီရက်ဇ်၊ ပွဲချိန် ၄၁ မိနစ်တွင် မီကောတာဇီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဗီလာရီးရဲလ်အသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၆ ရက်တွင် ရေဆင်းဆန်တန်ဒါအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ပီယာအီမလီဟို့ဂျ်ဘာ့ဂ် မာဆေးလ်အသင်းတွင် ဆက်ရှိသွားမည်

**ပါရီ ဩဂုတ် ၉**



ကွင်းလယ်ကစားသမား ပီယာအီမလီဟို့ဂျ်ဘာ့ဂ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မာဆေးလ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။ (ယာပုံ)

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက မာဆေးလ်အသင်းတွင် ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ပီယာအီမလီဟို့ဂျ်ဘာ့ဂ်သည် မာဆေးလ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

မာဆေးလ်အသင်းထုတ်ပြန်ချက်တွင် "ပီယာအီမလီဟို့ဂျ်ဘာ့ဂ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(NGB)

## မန်နျူရယ်လိုကာတယ်လီကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဩဂုတ် ၉**

ရီးရဲလ်မက်ဒရစ်အသင်းသည် ဂျူဗင်တပ်အသင်း ကွင်းလယ်ခံစစ်ကစားသမား မန်နျူရယ်လိုကာတယ်လီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(အောက်ယာပုံ)**

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ခံစစ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၃၀ကစားပြီး ကိုးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း မန်နျူရယ်လိုကာတယ်လီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းထံမှ မန်နျူရယ်လိုကာတယ်လီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ဂီမာရေ့စ် အာဆင်နယ်အသင်းတွင် ကျောနံပါတ်(၃၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၉**

ကွင်းလယ်ကစားသမားသစ် ဂီမာရေ့စ် အာဆင်နယ်အသင်းတွင် ကျောနံပါတ်(၃၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် နယူးကာဆယ်အသင်းမှ အာဆင်နယ်အသင်းသို့ စတာလင်ပေါင် ၇၅ သန်းဖြင့် နှစ်ရှည်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂီမာရေ့စ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၅ ပွဲကစားပြီး ၃၁ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဂီမာရေ့စ်က "အာဆင်နယ်အသင်းမှာ ကျောနံပါတ်(၃၉)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းရဲ့ ကစားသမားဖြစ်လာတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားအောင်မြင်မှုတွေ ရယူနိုင်ဖို့လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။**(အောက်ပုံ)** (NGB)






## 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၂၃ ရက်တွင် စတင်မည်

**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ လာမည့် ဩဂုတ် ၂၃ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၂၃ရက်မှ ၃၀ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

Winston-Salem Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဟန်ဂေရီတင်းနစ်ကစားသမား Marton Fucsovics ဖြစ်သည်။

(NGB)

## နီဗီမက်ဒေါ်နယ်လ် လီဗာပူးအမျိုးသမီးအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၉**

လီဗာပူးအမျိုးသမီးအသင်းသည် လူငယ်တိုက်စစ်မှူး နီဗီမက်ဒေါ်နယ်လ်ကို ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အသင်းအကယ်ဒမီတွင် လာရောက်လေ့ကျင့်ခဲ့သလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လီဗာပူးအမျိုးသမီးအသင်းက ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုလာခြင်းဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ နီဗီမက်ဒေါ်နယ်လ်က "အခုလိုစာချုပ် ချုပ်ဆိုနိုင်ခြင်းက ကျွန်မနဲ့ ကျွန်မမိသားစုအတွက် အရမ်းဂုဏ်ယူစရာကောင်းတဲ့ အခိုက်အတန့်ပါပဲ။ ဒီအသင်းအင်္ကျီဝတ်ရတာ ကျွန်မအတွက်တော့ အရာအားလုံးပါပဲ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်တွေ ရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)**

(NGB)



## ဂျိုဟန်နာရိုက်တင်းကန်နရစ် ကြွက်သားစုတ်ပြဲ ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**ပါရီ ဩဂုတ် ၉**

လိုင်ယွန်အမျိုးသမီးကွင်းလယ်ကစားသမား ဂျိုဟန်နာရိုက်တင်းကန်နရစ် ကြွက်သားစုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လိုင်ယွန်အမျိုးသမီးအသင်းနှင့်အတူ လေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိုဟန်နာရိုက်တင်းကန်နရစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ခြင်းကြောင့် လိုင်ယွန်အမျိုးသမီးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (ဝဲပုံ)



လိုင်ယွန်အမျိုးသမီးအသင်း ထုတ်ပြန်ချက်တွင် "ဂျိုဟန်နာရိုက်တင်းကန်နရစ် ဒဏ်ရာပြင်းထန်ခဲ့မှုကြောင့် ကာလရှည် အနားယူရမှာပါ။ သူမ ဒဏ်ရာရရှိခဲ့မှုက အသင်းအတွက်များစွာ ထိခိုက်နစ်နာစေပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)

## ယီရန်ယီကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ကိုဗင်ထရီအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၉**

ပရီးမီးယားလိဂ်တန်းတက်ကလပ် ကိုဗင်ထရီအသင်းသည် နော့စ်ဂျေးလန်အသင်း ကွင်းလယ်ကစားသမား ယီရန့်ယီကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကိုဗင်ထရီအသင်းနှင့်အတူ ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ယီရန်ယီသည် နော့စ်ဂျေးလန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၆ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင်ထွန်းတောက်လာမည့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ကိုဗင်ထရီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကိုဗင်ထရီအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* မန်စီးတီးအသင်းသည် မာဆေးလ်အသင်းဂိုးသမား ရူလီကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* လီဗာပူးအသင်းသည် ဘာစီလိုနာအသင်း နောက်ခံကစားသမား အာရူဟိုကို အငှားဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

* အစ်ဆွစ်ချ်အသင်းသည် ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ဆီဆာလူကစ်ကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ (NGB)

# စိုးရိမ်ရေမှတ်အထက်ရောက်နေသော ချင်းတွင်းမြစ် မုံရွာဆိပ်ကမ်းတစ်လျှောက် ရေကင်း ၁၇ ခု စောင့်ကြပ်လျက်ရှိ

**မန္တလေး ဩဂုတ် ၉**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်သို့ ဩဂုတ် ၈ ရက် ညနေ ၆ နာရီခွဲမှစတင်၍ ကျော်လွန်ရောက်ရှိနေပြီဖြစ်ရာ ရေကင်း ၁၇ ခုဖြင့် ကမ်းနားတစ်လျှောက် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

"ချင်းတွင်းမြစ်ရေမှတ်ဟာ မုံရွာမြို့မှာ စိုးရိမ်ရေမှတ်အထက်ကို ရောက်နေပါပြီ။ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာကို ဩဂုတ် ၈ ရက် ညနေ ၆ နာရီခွဲမှာ စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပါပြီ။ ချင်းတွင်းအထက်ပိုင်းက မော်လိုက်၊ ကလေးဝ စတဲ့ ဒေသတွေမှာလည်း ရေအမှတ်တွေ ဆက်တက်နေပါတယ်။ နောက် နှစ်ရက်၊ သုံးရက်၊ လေးရက်အတွင်း ရေ နှစ်ပေ၊ သုံးပေနဲ့ လေးပေလောက်အထိ တက်နိုင်ပါသေးတယ်။ တက်လာပြီးရင်တော့ ရေပြန်ကျသွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြစ်အထက်ပိုင်းက ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့တွေမှာ မိုးရွာသွန်းတာမရှိတော့တဲ့အတွက် ရေတွေပြန်ကျနေပါပြီ။ ယာယီပဲရေတက်ပါလိမ့်မယ်။ အလွန်ဆုံးမှ တစ်ရက်၊ နှစ်ရက်လောက် တက်ပါလိမ့်မယ်"ဟု တာဝန်ရှိသူက ပြောသည်။

ချင်းတွင်းမြစ်အထက်ပိုင်း ခန္တီး၊ ဟုမ္မလင်းနှင့် ဖောင်းပြင်မြို့များတွင် စိုးရိမ်ရေမှတ်အောက် သိသိသာသာလျော့သွားပြီဖြစ်ပြီး မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့တွင် စိုးရိမ်ရေမှတ်အထက် သိသိသာသာ ကျော်လွန်ရောက်ရှိနေသည်ကို တွေ့ရသည်။

ချင်းတွင်းမြစ်သည် မုံရွာမြို့တွင် ဩဂုတ် ၇ ရက် ညနေ ၆ နာရီခွဲမှ ဩဂုတ် ၈ ရက် ညနေ ၆ နာရီခွဲအထိ ၂၄ နာရီအတွင်း ရေမျက်နှာပြင် ၄၆ စင်တီမီတာအထိ မြင့်တက်ပြောင်းလဲခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ချင်းတွင်းမြစ်သည် မုံရွာမြို့တွင် ပြီးခဲ့သည့် ဇွန် ၂၀ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ၇၀၂ စင်တီမီတာရှိခဲ့ရာမှ ဩဂုတ် ၈ ရက် နံနက် ၆ နာရီတွင် ၉၉၀ စင်တီမီတာ၊ ထိုနေ့ မွန်းတည့် ၁၂ နာရီတွင် ၁၀၀၃ စင်တီမီတာ၊ ညနေ ၆ နာရီတွင် ၁၀၀၇ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ ၁၀၁၇ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၄)





# ကျောင်းဆောင်ပြုပြင်ရန် အလှူငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၉**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအတွင်း ဆောက်လုပ်လှူဒါန်းထားသည့် မြစန်းသော်တာကျောင်းဆောင် ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းရှိ အောင်မင်္ဂလာဆွမ်းစားဆောင်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တကောသဝ(မွှာစရိယ၊ B.A)ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး ဖခင် မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ် ဦးမြဝင်း၊ မိခင် ဂရိတ် ဒေါ်ခင်စန်းဝင်းတို့အား ရည်စူး၍ (သား) ကိုမျိုးဇော်ဟိန်း၊ ဒေါက်တာဖြိုးဇော်ဟိန်း + ဒေါက်တာသဥ္ဇာဦး၊ (သမီး)ဒေါက်တာမြတ်ကေခိုင်ဝင်း(မြစန်းသော်တာမိသားစု)က မြစန်းသော်တာ ကျောင်းဆောင်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

PNT

# SMART VILLAGE စီမံကိန်း အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန္ဒာကျေးရွာအုပ်စု၊ နန္ဒာမြောက်ကျေးရွာရှိ ရန်ကုန်ကျောင်းတိုက် မယ်ရွှဲ ဓမ္မာရုံတွင် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနတို့ပူးပေါင်း၍ SMART VILLAGE စီမံကိန်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ (ယာပုံ)

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းရာ လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ ပုသိမ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိုကိုလွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ဆက်စပ်ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် ကျေးရွာသူ၊ ကျေးရွာသား ၃၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေရန်ကင်း**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်း ဖွင့်လှစ်သင်ကြားနေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက် သင်တန်း ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ သာယာဝမ်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းမှ ဂဟေဆက်နည်း အဆင့်ဆင့် သင်ကြားပို့ချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့်တွေ့ဆုံ၍ အခက်အခဲများရှိပါက သင်တန်းတာဝန်ခံမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မှာကြားခဲ့သည်။

အဆိုပါသင်တန်းကို သာယာဝမ်းကျေးရွာ၌ သင်တန်းသား ၂၀ ဦးဖြင့် ကျွမ်းကျင်နည်းပြဆရာများက ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**နော်လူး**

*-*-*-*-*



# အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ပြည်သူ့အတွက် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ပေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက မြရည်နန္ဒာရပ်ကွက်ရှိ တန်ဖိုးမျှတအိမ်ရာ၊ မမ(၁၆)၊ တိုက်အမှတ်(၁၉)တွင် တပ်ဆင်ပေးလျက်ရှိသည်။



အဆိုပါ အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ပေးခြင်းကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ယခင်က လျှပ်စစ်ဓာတ်တိုင်များပေါ်တွင် စုပေါင်းတပ်ဆင်ထားသော မီတာများအား ဓာတ်အားသုံးစွဲသူများ နေထိုင်သည့် အိမ်၊ အိမ်ခန်းအသီးသီးသို့ ပြောင်းလဲတပ်ဆင်ပေးပြီး ဓာတ်အားသုံးစွဲသူများအနေဖြင့် မိမိဓာတ်အားသုံးစွဲမှုပမာဏကို အလွယ်တကူကြည့်ရှုနိုင်ပြီး ချင့်ချိန်သုံးစွဲနိုင်မည်ဖြစ်ရာ မီတာများကို တိုင်ပေါ် တိုင်အောက် တပ်ဆင်ခြင်းလုပ်ငန်းအား လျှပ်စစ်မီးသုံးစွဲသူပြည်သူများမှ မြို့နယ်လျှပ်စစ်ဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိသော တိုက်ခန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**အလင်းသစ်**

**(ချမ်း/စည် ပြန်/ဆက်)**

## ရေပြင်အသက်ကယ်စက်လှေမောင်း ဒုတိယအကြိမ် သင်တန်းဖွင့်လှစ်သင်ကြား

**တပ်ကုန်း ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သည့် ရေပြင်အသက်ကယ် စက်လှေမောင်း ဒုတိယအကြိမ် သင်တန်းဖွင့်လှစ်သင်ကြားခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အောင်းကြီးကန်တွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဥတ္တရခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်က သဘာဝဘေး



အန္တရာယ်ဖြစ်ပွားသည့် အခြေအနေ အရပ်ရပ်ကို သုံးသပ်ခြင်းအားဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က ရေပြင်အသက်ကယ်ရေး စက်လှေမောင်း သင်တန်းဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်း စုစုပေါင်းလူဦးရေ ၃၅ ဦးဖြင့် ရေပြင်အသက်ကယ်ရေး စက်လှေမောင်းပညာရပ်များ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးသို့ နယ်ဝေးမှလာရောက်ဆေးလာကု၍ နေထိုင်ရန်ခက်ခဲသူများ အာယုသုခကျောင်းဆောင်တွင် လာရောက်တည်းခိုနိုင်

**မန္တလေး ဩဂုတ် ၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ မဟာအောင်မြေ ပေါင်းလဲတိုက်၊ ဝါဆိုကျောင်းတွင် အာယုသုခကျောင်းဆောင် ဆောက်လုပ်ထားရှိပြီး မန္တလေးမြို့သို့ နယ်ဝေးမှလာရောက်၍ ကျန်းမာရေးအတွက် ဆေးလာကုပြီး နေထိုင်ရန်အခက်အခဲရှိသော သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ လာရောက်တည်းခိုနိုင်သည်။

အာယုသုခကျောင်းဆောင်သည် အလျား ပေ ၅၀၊ အနံ ၃၅ ပေရှိ အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ၁၀ ပေ၊ ၁၄ ပေ အခန်း သုံးခန်း၊ ၁၀ ပေ၊ ၁၂ ပေ အခန်း ငါးခန်းရှိပြီး အများသုံး သန့်စင်ခန်း ရိုးရိုးနှင့် ဘိုထိုင်ဟူ၍ နှစ်ခန်းရှိသည်။ ပထမထပ်တွင် ၁၀ ပေ၊ ၁၄ ပေ တစ်ခန်း၊ ၁၀ ပေ၊ ၁၂ ပေ နှစ်ခန်း၊ ပေ ၃၀ ပတ်လည်ဟောခန်း၊ အများသုံးသန့်စင်ခန်း တစ်ခန်း တည်ဆောက်ထားသည်။



အာယုသုခကျောင်းဆောင်တွင် ကျန်းမာရေးအတွက် အောက်စီဂျင်အိုး၊ အောက်စီဂျင်တိုင်းစက်၊ သွေးပေါင်ချိန်စက်များထားရှိပေးထားပြီး ကျန်းမာရေးပြသရန် လာရောက်လိုသော သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ ဝါဆိုကျောင်းဆရာတော် ဖုန်း ၀၉-၄၄၁၀၁၈၇၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

## (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ ခရိုင်ပညာရေးမှူး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲတွင် အမရပူရမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ကာလပေါ်တေးအဆို သုံးဦး၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ကာလပေါ်တေးအဆို တစ်ဦး၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားအက တစ်ဦး၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားအက လေးဦး၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးအက နှစ်ဦး၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးအက ခြောက်ဦး၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ဂီတာ(အတီး)တစ်ဦး၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ဂီတာ(အတီး)တစ်ဦး၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပတ္တလား(အတီး) တစ်ဦး၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) စန္ဒရား(အတီး)နှစ်ဦး၊ စုစုပေါင်း ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထူးချွန်ဆုရပြိုင်ပွဲဝင်များအား (တိုင်းဒေသကြီးအဆင့်) ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှဲ့လှဲ့ခိုင်**

*-*-*-*-*

## မိုးနေကြာသီးနှံ ၁၆၉၂ ဧက စိုက်ပျိုး

**ကျောက်ဆည် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးနေကြာသီးနှံ ၁၆၉၂ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနေကြာသီးနှံများ စိုက်ရာ၌ ဆည်ရေသောက်၊ မိုးကောင်းရေသောက်စနစ်များဖြင့် ဒေသအလိုက် ကြဲပက်စိုက်ပျိုးခြင်း၊ အတန်းချစိုက်ပျိုးခြင်း အမျိုးမျိုး စိုက်ပျိုးကြကြောင်း၊ အတန်းချစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက အပင်ကြားတန်းကြား ၁၅ လက်မခန့်အကွာ စိုက်ပျိုးသည့်အတွက် ပေါင်းမြက်ရှင်းလင်းခြင်းနှင့် မြေဆွရာ၌ လွယ်ကူသည့်အတွက် အပင်ဖြစ်ထွန်းမှုနှင့် အထွက်နှုန်းကောင်းမွန်ကြောင်း၊ မိုးနေကြာ တစ်ဧကအထွက်နှုန်းမှာ မြေအမျိုးအစားနှင့် ရာသီဥတုအပေါ်မူတည်၍ တစ်ဧက ၁၅ တင်းမှ ၂၅ တင်းကျော် ထွက်ရှိကြောင်း သံရွာကျေးရွာမှ နေကြာစိုက်တောင်သူ ဦးမျိုးထွန်းက ပြောသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ဒေသတွင်းစားသုံးဆီ ဖူလုံပိုလျှံရေးအတွက် မိုးနေကြာသီးနှံအပြင် မိုးမြေပဲ ၁၂၉ ဧက၊ မိုးနှမ်း ၁၂၄၀ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။ **(အောက်ဝဲပုံ) (၄၈၅)**



## ဌာနဆိုင်ရာနှင့် ပြည်သူများစုပေါင်း၍ မြို့ရှေ့(အ・ထ・က)ကျောင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်



**ကျောက်ပန်းတောင်း ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းပါဝင်သည့် စုပေါင်းသန့်ရှင်းရေးကို ဩဂုတ် ၈ ရက် နံနက် ၇ နာရီခွဲက သီရိမင်္ဂလာရပ်ကွက်ရှိ မြို့ရှေ့ အ・ထ・က ကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို ကျောက်ပန်းတောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းသာယာလှပသော မြို့ဖြစ်စေရန်အတွက် အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေး ဆောင်ရွက်နိုင်ရန် စီစဉ်ထားသည်။ ထိုသို့စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ကျောက်ပန်းတောင်းမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်း ၁၀၀ ဦးနှင့် လူမှုရေးအသင်းအဖွဲ့ဝင် ၂၀ ဦး၊ စုစုပေါင်း ၁၂၀ ဦး ပူးပေါင်းပါဝင်ခဲ့ကြပြီး မြို့ရှေ့ကျောင်းအတွင်းရှိ ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ခဲ့ကြပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သယ်ယာဉ်ဖြင့် မြို့ပြင်အမှိုက်ကျင်းသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ကျောက်ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သဲသဲ(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ကြည့်ရှုစစ်ဆေး

**သရက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ သဘာဝဘေးအန္တရာယ် အရေးပေါ်ဖြစ်ပွားလာပါက အမြန်ဆုံးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်မီးသတ်ဦးစီးဌာနရုံးရှေ့တွင် ခင်းကျင်းပြသထားသည့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများအား ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါပစ္စည်းများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပစ္စည်းများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များအား ဖြည့်စွက်မှာကြားပေးခဲ့သည်။ ထို့နောက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများဖြင့် လူမှုရေးအဖွဲ့အစည်းများ၊ သရက်ခရိုင်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသမှုအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ကူညီဆောင်ရွက်ပေးမည့် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စော်ထက်(သရက်)**



# ချောက်မြို့၌ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ

**ချောက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် အမှတ်(၁၅)ရပ်ကွက် Golden Chauk ကိုယ်ပိုင်အထက်တန်းကျောင်း၌ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ယုယုအောင်က မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ မီးလောင်မှုဖြစ်ပွားစေသော အကြောင်းအရင်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအကြောင်းများကို အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် ချောက်မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရှေးဦး မီးငြိမ်းသတ်ရေးပစ္စည်းဖြစ်သော မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် ရှင်းလင်းပြောကြားခြင်း၊ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ဇာတ်တိုက်လေ့ကျင့်ပြသပေးရာ Golden Chauk ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အတူတကွပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသရာတွင် ဒုတိယမြို့နယ်ပညာရေးမှူး၊ Golden Chauk ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းတာဝန်ခံ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းအိမွန်(ပြန်/ဆက်)**



## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၁၄၃ မိုင် ၆ ဖာလုံအနီး၌ မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွား

**အုတ်တွင်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၁၄၃ မိုင် ၆ ဖာလုံအနီး၌ ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီခန့်က ရန်ကုန်မြို့မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း စံထွန်းအောင် (၃၁)နှစ်ဆိုသူ မောင်းနှင်လာသော ယာဉ်အမှတ် TOYOTA ALPHARD မော်တော်ယာဉ်သည် မောင်းနှင်လာစဉ် အချက်ပြမီးလင်းလာ၍ ယာဉ်အား ရပ်တန့်ပြီး ရှေ့ဘောနတ်အားဖွင့်စဉ် အင်ဂျင်ခန်းမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဇောမိကုန်းအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မော်တော်ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် စံထွန်းအောင်ဆိုသူအား ဇီးပင်သာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**မန္တလေး ဩဂုတ် ၉**

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၆ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၆ ရက် ညနေ ၄ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ နောင်ဘိုအိုးကျေးရွာနေ ဦးနိုင်လင်း(၄၃)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်အပေါ်ထပ်၌ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊



လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်လင်းဆိုသူအား တောင်ပို့သာနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာနေ ဒေါ်ဇင်မာဌေး(၃၄)နှစ်ဆိုသူ၏ နေအိမ်ဈေးဆိုင်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်ဈေးဆိုင်အတွင်း နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇင်မာဌေးဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီ မိနစ် ၅၀တွင် ဘီးလင်းမြို့နယ်၊ မရမ်းကုန်းကျေးရွာ၊ တာလမ်းပိုင်းနေ ဒေါ်ရွှေဇင်ဝင်း(၃၃)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်စွန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်ဈေးဆိုင်ရှိ ခုတင်ပေါ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရွှေဇင်ဝင်းဆိုသူအား တောင်စွန်းနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လျှပ်စစ်မီးခုံ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**ပုသိမ်ကြီး ဩဂုတ် ၉**

မန္တလေးမြို့၊ ပုသိမ်ကြီး မြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ဝွေးကြီးကုန်းကျေးရွာနေ ဦး××× ၏ နေအိမ်တွင် လျှပ်စစ်မီးခုံ အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပုသိမ်ကြီး မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းသန့် ဦးစီး၍ သန္ဓေအရန်တပ်ဖွဲ့ဝင် ၄၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ပေ(၂၀×၃၀)၊ သွပ်မိုး၊ ကျောက်ပြားကာ၊ မြေစိုက်နေအိမ် တစ်လုံး၊ CAN-DA-125 ဆိုင်ကယ် တစ်စီးနှင့် အတွင်းပစ္စည်းများ မီးလောင်ခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အုန်းချောနယ်မြေရဲစခန်းမှ မီးပေါ့ဆစွာသုံးစွဲသူ နေအိမ်ပိုင်ရှင် ဦး×××(၃၃)နှစ်ဆိုသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၇)

## မော်တော်ယာဉ်မှ လမ်းဖြတ်ကူးသူအား ဝင်ရောက်တိုက်မိ၍ အမျိုးသား တစ်ဦး သေဆုံး

**မန္တလေး ဩဂုတ် ၉**

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၅ ရက်က မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး၌ မော်တော်ယာဉ်မှ လမ်းဖြတ်ကူးသူအား ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၅ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ နေပြည်တော် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၅၁ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ စကားအင်း အမြန်လမ်းမကြီး ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ မန္တလေးဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ခံတောကျေးရွာနေ ဦးကျော်ဇင်ဦး (၄၉) နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်လမ်းဖြတ်ကူးသူ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ညောင်ပင်ကျေးရွာနေ ဦးထွန်းငွေ(၇၁)နှစ်ဆိုသူအား ဝင်ရောက်တိုက်မိခဲ့ပြီး ဦးထွန်းငွေမှာ ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်လမ်းဖြတ်ကူးသူ ထွန်းငွေဆိုသူအား စကားအင်းအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံး၀ဖြတ် မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

# မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာ ဖေမြင့်၏ ဘ၀တိုးတက်မှုအတွက် စာဖတ်ခြင်းစာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်း အဖွဲ့များနှင့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စာရေးဆရာဖေမြင့်၏ ဘ၀တိုးတက်မှုအတွက် "စာဖတ်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဆရာမသင်းသင်း(မန္တလာ)၊ စာရေးဆရာယဉ်မွန်အောင်(မန္တလေး)၊ စာရေးဆရာမ စု(စံဇစ်)နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က စာရေးဆရာဖေမြင့် ရေးသားထားသော "စာဖတ်ခြင်း" စာအုပ်မှပါရှိသည့် အကြောင်းအရာများအား ဆွေးနွေးပြောကြားခဲ့ရာ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် တက်ရောက်လာသည့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များမှ သိရှိလိုသည်များအား အသီးသီး မေးမြန်းဆွေးနွေးဖတ်ကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

ရေးဦးစွာ ရွှေနံ့သာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇာခြည်အောင်က အမှာစကားပြောကြားပြီး ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာပေဖတ်ရှုခြင်းမှ အသိပညာဗဟုသုတ ပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာပြီး စာကောင်းပေကောင်းများကို လေ့လာတတ်စေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတများပြည့်ဝကာ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(စည်ပင်သာယာ) ကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေမျိုးသူရက စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပမှ အသိပညာဗဟုသုတများရရှိစေမည့် သုတ၊ ရသ စာအုပ်စာပေများကိုပါ ဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်း၊ စာပေဖတ်ရှုသည့်အတွက် အကျိုးအကြောင်းနှင့် အဆိုးအကောင်းများကို ဝေဖန်ပိုင်းခြားတတ်စေမည်ဖြစ်ကြောင်း တို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး နေ့စဉ်

## သောင်းခွင်မြေကြီး ဟည်းပါစေ

* သူငယ်ချင်းရေ…
ချစ်ခြင်း မုန်းခြင်း ၊ ကြောက်ရွံ့ခြင်းနှင့်
သိခြင်း ကင်းကွာ ၊ ခြေခံကာဖြင့်
လိုရာ အကြိုက် ၊ ဘက်သို့ လိုက်လျှင်
အမြိုက် အေးချမ်း ၊ ရောင်ကွင်းလမ်းတည့် ။

* အဂတိ လေးပါး ၊ မမှားရအောင်
အသိ ဆောင်၍ ၊ ပြည်ဘောင် ကောင်းကျိုး
ဆတိုး များစွာ ၊ ချိန်ခွင်လျှာ သို့
မကွာ သတိ ၊ ပညာရှိ ထုံး
ကျင့်မှန် သုံးမှ ၊ လူလုံး လုလိမ့် ။

* သူငယ်ချင်း ရေ
မင်းငါ အစ
ဘ၀ လည်းကောင်း ၊ မြင့်မြတ်ကြောင်း မို့
ထပ်လောင်းဖန်ဖန် ၊ သင်ကြားပြန်သော
သံသရာ ကောင်းရေး ၊ မြော်မြင်တွေးသော
ရှေ့ရေး သင်ရှာ ၊ မြတ်ဆရာ ကို
သေချာ ဝပ်တွား ၊ ခြေဦးဖျား၌
လေးစား ဦးတင် ၊ မြတ်နိုးကြင် သည်
သောင်းခွင် မြေကြီး ဟည်းပါစေ ။ ။

အိမ်တင်အေး(ပုလဲ)

# ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**မြို့သစ် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် (World Breastfeeding Week) အဖြစ် မိခင်နှင့်ကလေးငယ်များ၏ ကျန်းမာရေးကို မြှင့်တင်ပေးရန်နှင့် ကူညီပံ့ပိုးမှုများ ပြုလုပ်ရန် ရည်ရွယ်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)လမှတစ်နှစ်ခွဲအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ယမန်နေ့ နံနက် ၉ နာရီက ဘုရားကြီးရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်(၅)ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များအား မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း၊ သံဓာတ်အားဆေးများ တိုက်ကျွေးခြင်း၊ အသက်(၂)လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့သည်။

(အောက်ပုံ)

အဆိုပါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးများအတွက် အာဟာရဖြည့်စွက်စာများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**



# သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်၊ အမှတ်(လ/ရ-၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလင်းထက်(ဘ)ဦးကျော်ရွှေ(၅/စကန(နိုင်)၂၁၀၂၁၆)၏ ဥပဒေနှင့်အညီ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလင်းထက်သည် ၂၀၁၄ ခုနှစ်မှစ၍ Civil Engineer တစ်ဦးအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အမည်ဂုဏ်သတင်းကောင်းဖြင့် နှစ်ပေါင်းများစွာ အောင်မြင်စွာ ရပ်တည်လုပ်ကိုင်လာခဲ့သူ ဖြစ်ပါသည်။

ယခုအခါ အချို့သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ကျွန်ုပ်မိတ်ဆွေ ဦးရဲလင်းထက်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကိုယ်ရေးအချက်အလက်များနှင့် အလုပ်အကိုင်အဆင့်အတန်းများကို မသမာသော ရည်ရွယ်ချက်ဖြင့် အလွဲသုံးစားပြုလုပ်ကာ သက်ဆိုင်ရာ ဌာနအသီးသီးသို့ တင်ပြ၍ ၎င်း၏အမည်ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် လုပ်ငန်းစီးပွား အခွင့်အလမ်းများ ထိခိုက်ပျက်ပြားစေရန် ဦးရဲလင်းထက်၏ လက်မှတ်အတုအပများ ရေးထိုး၍ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီး နှောင့်ယှက်နေကြောင်းကို ခိုင်လုံသောမှတ်တမ်း အထောက်အထားများနှင့်တကွ စုံစမ်းသိရှိရပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကဲ့သို့ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်နေသူများနှင့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏လုပ်ရပ်များကို ဤသတင်းစာကြေညာချက် ပါရှိသည့်ရက်မှစ၍ ချက်ချင်း(ချက်ချင်း) ရပ်တန့်ကြရန် အတိအလင်း သတိပေး တားမြစ်လိုက်သည်။

ဤသတိပေးချက်ကို လျစ်လျူရှု၍ ထပ်မံကျူးလွန် နှောင့်ယှက်လာပါက ကျွန်ုပ်မိတ်ဆွေ ဦးရဲလင်းထက်၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုအဝဝအတွက် ကျူးလွန်သူများအား ဖော်ထုတ်၍ တည်ဆဲပြစ်မှုဆိုင်ရာဥပဒေများအရလည်းကောင်း၊ တရားမကြောင်းအရ နစ်နာကြေးတောင်းခံမှုများဖြင့်လည်းကောင်း၊ ဥပဒေက အပ်နှင်းထားသော အခွင့်အရေးများအတိုင်း မည်သည့်ညှိနှိုင်းမှုမျှမရှိဘဲ အပြင်းထန်ဆုံး တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများပြည်သူသိစေရန် အတိအလင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးပြည့်ဖြိုးမောင်မောင် (မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၈၄၉)**
**အခန်း(၃/အေ)၊ ကွန်ဒို(၃)၊ သီရိမင်္ဂလာအိမ်ရာ၊ ၂၇လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၀၁၈၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၄)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမျိုးသန့်ဇင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိက အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသန့်ဇင်(အဘ) ဦးရန်ပါချမ်း(ခ)ဦးအေး(၉/မရမ(နိုင်)၀၈၅၅၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင် (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(ဆ-၇ /၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား**
**(၁၀၉လမ်းမှဝင်ရမည်။) မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၄)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမြင့်အောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဇနီး ဒေါ်တင်တင်စိုးမင်း(အဘ)ဦးစိုးမင်း(၈/ပခက(နိုင်)၀၇၈၅၃၂)သည် (၂၈-၃-၂၀၂၅)ရက်က ကွယ်လွန်သွားခဲ့ရာ မိမိက အမွေဆက်ခံပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်း(အဘ)ဦးသိန်း(၈/ပခက(နိုင်)၀၇၇၈၆၃)၏ကိုယ်စား လက်မှတ်ရေးထိုးသူ ဒေါ်အေမီမီစိုးမင်း(အဘ) ဦးစိုးမင်း(၈/ပခက(နိုင်)၁၄၂၀၀၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင် (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(ဆ-၇ /၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

**မွေးသက္ကရာဇ်အမှန်**

(ဘ) ဦးမင်းထွန်း၏သား မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးကျောင်းသင် အထက်တန်းကျောင်း **Grade-10** မှ မောင်ဝင်းမင်းဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်၊ ဖွားစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းအရ (၂၀-၁၀-၂၀၁၀) ဖြစ်ပါကြောင်း။ **မောင်ဝင်းမင်းဖြိုး(၂၀-၁၀-၂၀၁၀)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ (၀ ဒသမ ၀၃၀)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း အရှေ့မျက်နှာစာ (၁၃)ပေ၊ အနောက်ဘက် (၆၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ပု(ဘ)ဦးသောင်း(၅/ရဥန(နိုင်)၀၀၈၇၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေရီအောင်စိုးဦး(ဘ)ဦးပု(၉/အမဇ(နိုင်)၀၂၇၀၃၆)က အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုပြစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သူဇာဝင်း** | **ဒေါ်ခင်သူဇာဝင်း** |
| **(LL.B , LL.M , D.B.L , D.I.L)** | **(LL.B , D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဆဆ-၃ /၄ ၊ ၅၇လမ်းနှင့် ၅၈လမ်းကြား ၊ ၁၀၆လမ်း၊ ကံသာယာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၅၉၁၉၈၄၈၇၊ ၀၉-၆၆၉၀၂၃၈၃၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သစ်ချိုကုန်းရပ်ကွက်၊ ကွင်းအမှတ်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၂/၇၁+၇၂)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးကျော်ဇောအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အလယ်ခြမ်း ဧရိယာ ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်ကြသည့် ၁။ ဒေါ်ခင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၇)၊ ၂။ ဒေါ်လွင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၈)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သူဇာဝင်း** | **ဒေါ်ခင်သူဇာဝင်း** |
| **(LL.B , LL.M , D.B.L , D.I.L)** | **(LL.B , D.B.L)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဆဆ-၃ /၄ ၊ ၅၇လမ်းနှင့် ၅၈လမ်းကြား ၊ ၁၀၆လမ်း၊ ကံသာယာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၅၉၁၉၈၄၈၇၊ ၀၉-၆၆၉၀၂၃၈၃၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ကျင်နု အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိက တရားဝင် အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျင်နု(အဘ)ဦးကျိန်တင်လှ(ခ)ဝမ်ကြာတောင်(၉/မရမ(နိုင်)၀၇၉၃၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူသဲ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**Office – ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၂၅၆၈၊ ၀၉-၉၅၄၃၂၄၀၀၁၊ ၀၉-၇၉၇၂၅၂၆၂၃**
**royalroselawfirm@gmail.com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၅)၊ ဦးပိုင်အမှတ်(၂၄) မြေကွက်သည် မဟာအောင်မြေခရိုင် တရားရုံး၊ ဇာရီမှုအမှတ်(၂၅၆/၂၀၂၄)၊ ဦးမျိုးညွန့်နှင့် ဦးရွှေမန်း(ပါ-၂) ဇာရီအမှု တွင် တရားနိုင် ဦးမျိုးညွန့်မှ လေလံဆွဲဝယ်ယူထားသည့် မြေကွက်ဖြစ်ပါသည်။ (၃-၄-၂၀၂၆)ရက်စွဲပါ အရောင်းသက်သေခံလက်မှတ်ရရှိထားပြီး လက်ရောက်ရရှိထားသော မြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးညွန့်(ဘ)ဦးဖေသန်း (၉/သစန(နိုင်)၀၁၁၂၆၆)**
**၀၉-၇၈၂၀၀၆၅၅၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၁၃၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးကိုကိုလေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးနိုင်(ဘ)ဦးပွေး(၉/စကတ(နိုင်)၀၂၈၄၅၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၁)၊ ဦးပိုင်နံပါတ်(၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးဆန်းဝင်းအောင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခင်မောင်အေး(ဘ)ဦးအောင်ဝေ(၉/မနမ(နိုင်)၀၂၆၁၃၀) [၎င်း၏ ကိုယ်စား သမီးဖြစ်သူ ဒေါ်အေးသီရိ(ဘ)ဦးခင်မောင်အေး(၉/ပကခ(နိုင်)၀၁၀၈၇၉)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်နံပါတ်(၁၄၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမြင့်ဆွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကိုပိုင်(ဘ)ဦးမြင့်ဆွေ(၉/ကပတ(နိုင်)၂၂၃၄၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၃/၃)၊ ဦးပိုင်အမှတ်(၁-င)၊ ဧရိယာ(၀ ဒသမ ၀၉၁၈)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးချိုမြင့် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမင်းအောင်(၈/ရစက(နိုင်)၁၁၄၉၇၂)၊ ဦးသန့်ဇင်ဖြိုး(၉/ခမစ(နိုင်)၀၃၉၄၆၄)ထံမှ ကျွန်မ ဒေါ်အေးအေးမြင့်က ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့်(ဘ)ဦးလီတင်ဆင့်(၁၃/သနန(နိုင်)၀၅၅၅၇၅)**
**လမ်း၅၀ နှင့် ၁၁၁လမ်း၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၃၇၄၅၅၅၇၊ ၀၉-၄၄၄၂၅၉၅၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ မြို့မြေတိုးချဲ့(၂)၊ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၅၂)၊ မြေကွက်အမှတ် (၈၆ + ၈၇)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက အနက်မှ မြေကွက်အမှတ်(၈၇)၏ တောင်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မိုးသက်(ဘ)ဦးကိုလေး(၉/မနတ(နိုင်)၀၁၆၅၈၂) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(က/၁၉)၊ အကျယ် ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဗိုလ်မှူးတင်ဦး အမည်ပေါက် ဂရန်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဥမ္မာမြင့်(ဘ)ဦးဟာမြစ်(၉/မဟမ(နိုင်)၀၀၇၃၈၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်း တံခွန်စိုက်ဆုဖလားများ ဆွတ်ခူး

**တောင်ကြီး ဩဂုတ် ၉**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသား ငါးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးငါးယောက်တွဲ ပြိုင်ပွဲတို့တွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းက တံခွန်စိုက်ဆုဖလားများကို ဆွတ်ခူးရရှိခဲ့သည်။

အခမ်းအနားတွင် အမျိုးသား/အမျိုးသမီး ငါးယောက်တွဲ ပြိုင်ပွဲတွင် တံခွန်စိုက်ဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အသင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းက တံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူက ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသမီးအားကစားသမား ဆုရ မန္တလေးတိုင်းဒေသကြီး အသင်းမှ မအိမ့်သဲဖြူ၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ မောင်ယောလု၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့အားလည်းကောင်း၊ အမျိုးသမီး ငါးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းတို့ အားလည်းကောင်း၊ အမျိုးသား ငါးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။



**နေမျိုး၊ ဓာတ်ပုံ-ကိုမင်း**

# မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၅ ရက်မှစတင်ကာ မြေသားအိကျ၍ မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ရသည်။



ထိုသို့ မြေပြိုကျမှုများကြောင့် မိုးကုတ်မြို့နယ်ရှိ ကျပ်ပြင်ရပ်ကွက် ၏ အနောက်ဘက်ပန်းမရပ်၊ ရွှံ့ပန်းရပ်ကွက်၊ ကျောက်ဆင်ကျေးရွာနှင့် ဘော်မားကျေးရွာများ၌ လူနေအိမ်များ ပြိုကျပျက်စီးခြင်း၊ အုတ်တံတိုင်းများ ပြိုကျပျက်စီးခြင်း၊ ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ လမ်းများ ယာယီပိတ်ထားခဲ့ရသည်။

အဆိုပါ နေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြည်သူများ ဘေးအန္တရာယ် မဖြစ်စေရန် လိုအပ်သော ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြေပြိုကျမှုကြောင့် ကားလမ်းများပိတ်နေသည့်အတွက် Loader ယာဉ်များဖြင့် မော်တော်ယာဉ်များ ယာယီဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာရှိ ဆည်တော်ကြီး ရေလှောင်တမံ၌ ရေဝင်ရောက်မှုများပြားကာ ဆည်ရေပြည့် ရေလှောင်ပမာဏထက်ကျော်လွန်လာသဖြင့် ရေလှောင်တမံအနီးရှိကျေးရွာများနှင့် ဒေသအခေါ် တံငါတံတား(ကျောက်စရစ်ကုန်းတံတား)အား ထိခိုက်မှုမရှိစေရေး ဩဂုတ် ၇ ရက်တွင် ပိုလျှံရေများကို အကျယ်ပေ ၄၀၊ အမြင့် ၃၅ ပေရှိ ရေပိုလွှဲတံခါးကြီး ၇ ခုမှ တံခါးတစ်ခုလျှင် ပျမ်းမျှ ၂ ပေခန့် ဖွင့်ဖောက်၍ ရေထိန်းညှိလျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် မတ္တရာမြို့နယ် တံငါတောင်ကျေးရွာအနီး မန္တလေး-သပိတ်ကျင်း-မိုးကုတ်သွား ကားလမ်းမပေါ် ရေကျော်စီးဆင်းမှု ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေကျော်စီးဆင်းမှုများကြောင့် မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာ အတွင်းရှိ ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ဝေငှပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများအား ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်အား ဩဂုတ် ၆ ရက်တွင် ပြန်ပေးဆွဲခံရမှု ဖြစ်စဉ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၁၂ နာရီအချိန်အကြာ ဩဂုတ် ၇ ရက်တွင် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံ သာလမ်းအမှတ်(၆)ရပ်ကွက်နေ ဦးအောင်မြင့်(ခ)ဆူပရာ မန်းနီး(ဘ)ဦးကရပဲယား၊ (ဟိန္ဒူ၊ ဗုဒ္ဓ) သည် ၎င်းပိုင်ဆိုင်သည့် Diamond Shine စိန်ရွှေရတနာဆိုင်မှ ဩ ဂုတ် ၆ ရက် ညနေ ၅ နာရီခွဲခန့်တွင် နေအိမ်သို့ ပြန်လာစဉ်

**စာမျက်နှာ ၁၀ သို့ ■**

# Shopee Cup Play-off နှစ်ကျော့စလုံးကို သုဝဏ္ဏကွင်းတွင် ကစားရမည့် ရှမ်းယူနိုက်တက်

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက် အသင်းသည် အရှေ့တောင်အာရှ ကလပ်အသင်းများ ချန်ပီယံရှစ်ပြိုင်ပွဲ (ASEAN Club Championship Shopee Cup™ 2026/2027) ခြေစစ်ပွဲ Play-off အဆင့်တွင် လာအိုကလပ် Ezra FC အသင်းနှင့် ယှဉ်ပြိုင်ရမည့် နှစ်ကျော့စလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကစားရမည်ဖြစ်သည်။



ရှမ်းယူနိုက်တက် အသင်းနှင့် Ezra FC အသင်းတို့၏ ပထမကျော့ပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဒုတိယကျော့ပွဲစဉ်ကို စက်တင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် နှစ်ပွဲစလုံးကို မြန်မာစံတော်ချိန် ညနေ ၆ နာရီ၌ စတင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် Ezra FC အသင်းကို ကျော်ဖြတ်နိုင်ပါက Shopee Cup 2026/2027 အုပ်စု (B) သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ထိုအုပ်စုတွင် ထိုင်းကလပ် Port FC၊ မလေးရှားကလပ် Johor Darul Ta'zim၊ စင်ကာပူကလပ် Lion City Sailors၊ ဗီယက်နမ်ကလပ် Công An Hà Noi၊ အင်ဒိုနီးရှားကလပ် Persib နှင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ASEAN Club Championship Shopee Cup™ ပြိုင်ပွဲ၏ အုပ်စုအဆင့်ကို အောက်တိုဘာလအတွင်း စတင်ကျင်းပမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် ၂၀၂၅-၂၆ ရာသီ ASEAN Club Championship ပြိုင်ပွဲ၏ ခြေစစ်ပွဲ Play-off အဆင့်တွင်လည်း Ezra FC အသင်းနှင့် တွေ့ဆုံခဲ့ဖူးပြီး နှစ်ကျော့ပေါင်း ရလဒ် ၃ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရကာ အုပ်စုအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ **(NGB)**

ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါရှိသည်။

## ဒေါ်သန်းလှ(ဘ)ဦးဘဟိန်း(၉/မနတ(နိုင်)၀၄၃၂၇၈) NTI-၀၇၉၄၆၈ နှင့် ဦးကိုကိုကြီး(ဘ)ဦးလှဒွေး(၉/မနတ(နိုင်)၀၀၁၀၁၀)တို့ သိရှိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ နန-၁၉/၈၈ နေ ဦးကျော်ဆန်းဦး(ဘ)ဦးအေး(၇/ညလပ(နိုင်) ၀၈၂၆၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိရှိစေလိုက်ပါသည်။

လူကြီးမင်းတို့ထံမှ ဒေါ်သန်းလှအမည်ဖြင့် နေရာချထားပေးသော ပြည်ကြီးတံခွန်မြို့နယ်၊ တိုးချဲ့မြို့ကွက်သစ်၊ (၈)ရပ်ကွက်၊ နန-၁၈/၂၇ မြေကွက်အား ဒေါ်သန်းလှ၏ ကိုယ်စားလှယ်စာရသူ ဦးကိုကိုကြီးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဆန်းဦးက အရပ်ကတိစာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီး မြေပေါ်တွင် လက်ရှိနေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။

အရောင်းအဝယ်ကတိစာချုပ်တွင် ဖော်ပြထားသော ပဋိညာဉ်အရ ဝယ်ယူသူတောင်းဆိုချိန်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ကို မေတ္တာဖြင့် လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိအရ (နန-၁၈/၂၇) မြေကွက်အတွက် ဝယ်ယူသူ ဦးကျော်ဆန်းဦးက မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အကြောင်းကြားသိရှိစေလိုက်ပါသည်။ လူကြီးမင်းတို့ထံ အကြောင်းကြားစာကို လည်း စာတိုက်မှတစ်ဆင့် ပေးပို့ထားပြီး ဖြစ်ပါသည်။

ဤကြေညာချက်ပါရှိသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးကျော်ဆန်းဦးထံသို့ဖြစ်စေ ဆက်သွယ်၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက် တော့မည်ဖြစ်ကြောင်း မေတ္တာရှေ့ထား၍ အကြောင်းကြားသိရှိစေလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဦးကျော်ဆန်းဦး(ဘ)ဦးအေး**
**(၇/ညလပ(နိုင်)၀၈၂၆၀၆)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းလင်းဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၆၇၈၄)**
**ညည–၃၀၊ အိမ်အမှတ်(၅၂/ခ)၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၂၉၉၇၁၊ ၀၉-၇၅၄၉၇၉၅၆၅**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ အစ္စလာမ်တရားတော်နှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၅၁၊ ၁၅၃)၊ (၅)လွှာနေ ဦးနိုင်ရဲလွင်(ဘ) ဦးသိန်းအောင်လွင်(၁၂/တမန(နိုင်)၁၃၀၇၂၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်ရဲလွင်နှင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ၊ အလယ်ရပ်နေ ဒေါ်သီဂီအောင်(ဘ)ဦးခင်မောင်မောင်(၉/အမရ(နိုင်)၁၄၀၆၉၀)တို့သည် အစ္စလာမ်တရားတော်နှင့် အညီ (၂၀-၉-၂၀၂၄)ရက်နေ့တွင် နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ပြီး သား၊သမီးထွန်းကားခဲ့ခြင်းမရှိပါ။ ဦးနိုင်ရဲလွင်နှင့် ဒေါ်သီဂီအောင်တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ အစ္စလာမ်တရားတော်နှင့်အညီ (၁၂-၆-၂၀၂၆)ရက်နေ့ တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ (မူဘာရအဟ်)ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် နှင့် လက်ဖွဲ့ပစ္စည်းခွဲ ဝေခြင်း ကတိစာချုပ်ချုပ်ဆို၍ ကွာရှင်းခဲ့ကြပါသည်။

ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ရဲလွင်နှင့် ဒေါ်သီဂီအောင်တို့သည် တစ်ဦးနှင့်တစ်ဦး လင်ခန်း မယားခန်း လုံးဝပြတ်စဲပြီး စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတွင် မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်း လုံးဝ(လုံးဝ)မရှိတော့ပါကြောင်း ဒေါ်သီဂီအောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၂၁လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၈၉၅၁၄၊ ၀၉-၉၆၉၄၄၄၁၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၄)၊ ဦးပိုင်နံပါတ်(၄၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေအကျယ်အဝန်းရှိ ဒေါ်သန်းသန်းဆင့်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အားချင်(ဘ)ဦးရင်တကွေး (၁၃/လရန(နိုင်)၀၆၃၈၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၀)၊ ဦးပိုင်နံပါတ်(၁၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (၆၀×၄၅)ပေအကျယ်အဝန်းရှိ ဦးညီမောင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၂၀×၄၅ )ပေနှင့် ကပ်လျက် မြောက်ဘက်ခြမ်း(၁၀×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးမြင့်သူ(ဘ)ဦးမြင့်သိန်း (၈/မမန(နိုင်)၁၆၃၃၁၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထား ပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်နံပါတ်(၁၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေအကျယ်အဝန်းရှိ ဒေါ်တင်တင်အေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေထဲမှ တောင်ဘက်ပိုင်း(၁၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မိုးသူ(ဘ)ဦးဘိုမြင့် (၈/ပခက(နိုင်)၂၂၅၇၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(cc-၂)၊ ဦးပိုင်အမှတ်(၅၇) မြေကွက်ပေါ်တွင် ဦးသန့်ဇင်ထွဋ်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/တမန(နိုင်)၀၇၄၄၃၂)က (RC-3)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်အမှတ်(၄၄-က)၊ မြေကွက်ပေါ်တွင် ဦးမန်းကြည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၂၇၂၄၀)က (RC-၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၈)၊ မြေကွက်ပေါ်တွင် ဦးကရိန်နော်တောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မမန(နိုင်)၀၁၃၆၆၄)က (RC-၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်အမှတ်(၄၃-ခဲစင်း)၊ မြေကွက်ပေါ်တွင် ဦးကြည်ဆင် နိုင်ငံသားစိစစ်ရေးကတ် အမှတ်(၉/မရတ(နိုင်)၀၇၇၇၄၉)က (SS-၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၅၅+၅၆+၅၇+၅၈) မြေကွက်ပေါ်တွင် ဒေါ်ဥမ္မာနိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မရမ(နိုင်)၀၉၁၃၈၉)က (SS-၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်အမှတ်(၇၂(က+ခ))၊ မြေကွက်ပေါ်တွင် ဦးတင်မင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၇/ရတန(နိုင်)၀၇၆၈၃၂)က (SS-၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၂)၊ ဦးပိုင်အမှတ်(၁၀-၁၁)၊ မြေကွက်ပေါ်တွင် ဦးဆန်းဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၃၅၉၆)က (SS-၃)ထပ် ပုံစံပြောင်းအဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

